# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၂၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ စနေနေ့။


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# မြန်မာ့ဘောလုံးသမိုင်းတွင် မှတ်တမ်းတစ်ခုထင်ကျန်နေမည့် အောင်မြင်မှုကို ပြသနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၉**

၂၀၁၄ ခုနှစ် ဘာရှိန်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

ယခုအောင်ပွဲသည် မြန်မာ့ဘောလုံးသမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် ထင်ကျန်ရှိနေမည်ဖြစ်ပြီး အောင်မြင်မှုနှင့်အတူ မြန်မာလူငယ်အသင်း၏ အသင်းအဖွဲ့ စိတ်ဓာတ်၊ စည်းလုံးမှုစိတ်ဓာတ်နှင့် အားကစားစိတ်ဓာတ်ကို အမြင့်ဆုံးပြသနိုင်ခဲ့သည်။ ဘာရှိန်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲသမိုင်းတွင် မြန်မာနိုင်ငံက ဒုတိယဆုကို နှစ်ကြိမ်ရရှိခဲ့ပြီး ယခုအကြိမ်တွင် အမြင့်ဆုံးဆုဖလားအပြင် အသန့်ရှင်းဆုံးဆုကိုပါ ပူးတွဲရရှိခဲ့သည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့ဝင်များ၊ နည်းပြနှင့် အသင်းအုပ်ချုပ်သူများ၊ အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အားကစားကဏ္ဍတိုးတက်လာခြင်းသည် နိုင်ငံတော်နှင့်ပြည်သူလူထု၏ လူမှုရေးအခန်းကဏ္ဍကို မြှင့်တင်ရာရောက်သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ အရည်အသွေးကိုလည်း နိုင်ငံတကာအလယ်တွင် ထိုးဖောက်ဝင်ရောက်ပြသနိုင်သည့် တစ်ခုတည်းသော အခွင့်အလမ်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာကို

*စာမျက်နှာ ၈ ကော်လံ ၁* ●



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)


**ယနေ့ » မာတိကာ**

e-နိုင်ငံသားစိစစ်ရေးကတ်များ နိုင်ဂျီးရီးယား၌ ထုတ်ပေးရန်စတင် စာ » ၄

စာကြည့်တိုက်များမြစ်ဖျားခံရာ အမျိုးသားစာကြည့်တိုက် ဆောင်းပါး စာ » ၆

ရှမ်းရိုးရာကွမ်းတောင်ပန်းတောင်များနှင့် ချစ်စရာဓလေ့ စာ » ၁၆


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# မြို့တွင်းကားလမ်းပိတ်ဆို့မှုကို ကာကွယ်နိုင်မည့် လားရှိုးမြို့ရှောင်လမ်းမကြီး ပြီးစီးတော့မည်



လားရှိုးမြို့ရှောင်ကားလမ်း ဖောက်လုပ်ပြီးစီးနေမှုကို ဩဂုတ် ၂၈ ရက်က ဤသို့တွေ့ရစဉ်။

**သတင်းနှင့်ဓာတ်ပုံ**
**ခရမ်းစိုးမြင့်**

**လားရှိုး ဩဂုတ် ၂၉**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ဒုတိယပတ် လားရှိုးခရီးစဉ်အတွင်းက မန္တလေး-ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ-လားရှိုး-သိန္နီ - ကွတ်ခိုင် - မူဆယ် - နမ့်ခမ်း အဝေးပြေး ကားလမ်းမကြီးပေါ်ရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း)မြို့တော် လားရှိုးမြို့ကို ရှောင်ကွင်းမောင်းနှင်နိုင်မည့် မြို့ရှောင် လမ်းအမြန်ဖောက်လုပ်ရန် ညွှန်ကြားချက်အရ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းထံမှ BOT ယူ လွှဲပြောင်းလက်ခံဆောင်ရွက်နေသော အေးရှားဝေါလ်လမ်း ဖောက်လုပ်ရေးကုမ္ပဏီသည် ရှမ်းပြည်နယ်

*စာမျက်နှာ ၇ ကော်လံ ၁* ❀




# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) ၏ဒီမိုကရေစီ၊ ပဋိပက္ခနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဗျူရို(DCHA)မှ လက်ထောက်အုပ်ချုပ်ရေးမှူး မစ္စနန်စီအဲလီစဘက်လင်းဘက်(ဂ်)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းစဉ်ကြီး နှစ်ရပ်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီခြောက်ခုဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု တိုးတက်ဖြစ်ထွန်းလာသည့် အခြေအနေများ၊ အခြေခံအဆောက်အအုံဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ထပ်မံလိုအပ်ချက်အခြေအနေများ၊ တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ ရခိုင်ပြည်နယ်အတွင်း ကဏ္ဍပေါင်းစုံတွင် ကူညီဆောင်ရွက်ပေးနေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး Action Plan နှင့် လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပကတိအခြေအနေမှန်သတင်းများ ထုတ်ပြန်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် အသစ်ဖြစ်သူ မစ္စတာ ဂျိုစပေဒေဗင်းချန်တစ်(စ်)သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံကာ **(ယာပုံ)**၎င်း၏ ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်ခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ပကတိအခြေအနေမှန်သတင်းများကိုသာ ထုတ်ပြန်သွားရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ)ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် ဩဂုတ် ၂၉**

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ)ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့်(၂) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့်(၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့်(၂)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင်နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားပါမည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်ဖြစ်သည်။ အစုန်ရေယာဉ်ကို ဦးစားပေးရန်နှင့် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# အကြံပြုချက်များပေးပို့နိုင်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးအသုံးစရိတ်ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးမြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ပြည်သူ့ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် အကြံဉာဏ်များပေးလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့နိုင်ပါသည်-

ဦးစိန်ဝင်း၊ ရုံးအဖွဲ့မှူး
ရုံးအမှတ်(၄) ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၀၆၇-၄၁၁၁၅၉
၀၉-၈၆၀၁၁၅၁

**ကျန်းမာရေးဝန်ကြီးဌာန**

ပြည်တွင်းသတင်း

# ကာလာမသုတ် အနှစ်ထုတ်

ကေသမုတ္တိနိဂုံးရွာရှိ ကာလာမအနွယ်အမျိုးသားတို့သည် အယူဝါဒအမျိုးမျိုးရှိကြကုန်၏။ အယူအဆအမျိုးမျိုးရှိသူတို့သည်လည်း ကေသမုတ္တိနိဂုံးရွာသို့လာရောက်၍ မိမိတို့၏မတူညီသော အယူဝါဒများကို ပြောဟောကြကုန်၏။ ကာလာမမျိုးနွယ်တို့အဖို့ အယူဝါဒမျိုးစုံအကြားတွင် **"ဘယ်ဝါဒမှန်သည် ကောင်းသည်"** ဟု ဝေခွဲမရနိုင်အောင်ရှိလေ၏။

ကေသမုတ္တိနိဂုံးရွာကြီးသို့ ဗုဒ္ဓဘုရားရှင်ကြွရောက်တော်မူလာရာ အမျိုးမျိုးသော ဝါဒရှိသူတို့က မိမိသန်ရာ အယူဝါဒများကို အသီးသီး ဆွေးနွေးလျှောက်ထားကြသဖြင့် ဘုရားရှင်က ကာလာမသုတ်ကိုအနှစ်ထုတ်၍ ဟောကြားတော်မူခဲ့ပါသည်။ (ကာလာမမျိုးနွယ်များကို ဟောကြားသဖြင့် ကာလာမသုတ်ဟုအမည်တွင်သလို ကေသမုတ္တိနိဂုံးရွာကြီး၌ ဟောကြားသောသုတ်ဖြစ်သဖြင့် ကေသမုတ္တိသုတ်ဟုလည်း ခေါ်တွင်ပါသည်)။

ကာလာမနွယ်ဖွားအမျိုးသားတို့၊ သင်တို့သည် အယူဝါဒတစ်ခုတွေ့ရှိပြီဆိုလျှင်-

၁။ တစ်ဆင့်စကား၊ ကောလာဟလ ကြားသိကာမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၂။ မိရိုးဖလာ အစဉ်အဆက်စကားမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၃။ ဤသို့ဖြစ်ဖူးသတတ်ဟူသော ဒဏ္ဍာရီစကားမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၄။ ကျမ်းဂန်အထောက်အထားနှင့် ညီညွတ်ပေသည်ဟုလည်း အမှန်ဟုမယူကြလင့်၊
၅။ မိမိကြံစည်တွေးဆရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၆။ နည်းမှီကြံဆနိုင်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၇။ အခြင်းအရာကြောင်းကျိုးဆီလျော်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၈။ အယူဝါဒချင်း ထပ်တူညီရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၉။ မှတ်ယူထိုက်သည်ဟု နှစ်ခြိုက်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၁၀။ ဆရာ့ဩဝါဒဆရာ့စကားဟု ဆရာစွဲဖြင့်လည်း အမှန်ဟုမယူကြလင့်။

ကာလာမနွယ်ဖွား အမျိုးသားတို့ **"ဤတရားတို့ကား အကုသိုလ်တရားတို့ဖြစ်၏။ အပြစ်ရှိသောတရားတို့ဖြစ်၏။ ပညာရှိတို့ကဲ့ရဲ့အပ်၏။ ဤတရားတို့ကိုဆောက်တည်ခြင်းအားဖြင့် အစီးအပွားမဲ့၍ဆင်းရဲခြင်းငှာဖြစ်၏"** ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပယ်စွန့်ကြကုန်ရာ၏။

ကာလာမနွယ်ဖွား အမျိုးသားတို့ **"ဤတရားတို့ကား ကုသိုလ်တရားတို့ဖြစ်၏။ အပြစ်မရှိကုန်။ ပညာရှိတို့ချီးမွမ်းအပ်၏။ ဤတရားတို့ကိုဆောက်တည်ခြင်းအားဖြင့် အစီးအပွားဖြစ်ထွန်း၍ ချမ်းသာခြင်းငှာဖြစ်၏"** ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပြည့်စုံစေ၍နေကြကုန်ရာ၏။

**အင်္ဂုတ္တိုရ်ပါဠိ(ပထမတွဲ)တိကနိပါတ်**
**မဟာဝဂ်၊ ကေသမုတ္တိသုတ်**

# တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ရက်သတ္တတစ်ပတ်သာကျန်

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၌ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက် သောကြာနေ့မှစ၍ (စနေ၊တနင်္ဂနွေ)ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံဆောင်ရွက်ပေးခဲ့သည်မှာ ယနေ့ထိရက်ပေါင်း ၁၅ ရက်(ရက်သတ္တနှစ်ပတ်)ရှိပြီဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို စက်တင်ဘာ ၅ ရက်(သောကြာနေ့) နောက်ဆုံးထားလက်ခံဆောင်ရွက်ပေးမည်ဖြစ်ရာ လက်ခံရန်အချိန်အားဖြင့် ၇ ရက် (ရက်သတ္တတစ်ပတ်)သာ ကျန်ရှိတော့ကြောင်းနှင့် ကျန်ကျောင်းသားကျောင်းသူများအနေဖြင့် သတ်မှတ်ရက်အတွင်း အချိန်မီလျှောက်ထားကြရန် လိုကြောင်း သိရသည်။ **ကိုချစ်**

# မိုးလေဝသ

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

# (၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးအဆင့်အစည်းအဝေး (ASCC) ပုဂံမြို့၌ ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၂၉**

(၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးအဆင့်အစည်းအဝေး (12th ASEAN Socio-Cultural Community (ASCC) Council Meeting)ကို စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သတင်း တက်ရောက်ရယူလိုသည့် ပြည်တွင်းပြည်ပသတင်းထောက်များအနေဖြင့် www. asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 12th ASEAN Socio-Cultural Community (ASCC) Council Meeting ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို စက်တင်ဘာ ၂၀ ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည် ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၃၈၄ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြား သတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၂၁၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

## e-နိုင်ငံသားစိစစ်ရေးကတ်များ နိုင်ဂျီးရီးယား၌ ထုတ်ပေးရန်စတင်

**နိုင်ဂျီးရီးယား ဩဂုတ် ၂၉**

နိုင်ဂျီးရီးယားသမ္မတသည် e-နိုင်ငံသားစိစစ်ရေးကတ်များကို ၂၀၁၉ မတိုင်မီ မဲပေးချင်သော နိုင်ငံသားအားလုံးပြုလုပ်ထားရမည့် စနစ်တစ်ခုကို စတင်လိုက်သည်။

နိုင်ဂျီးရီးယားသမ္မတ ဂွဒ်လပ်ခ် ဂျွန်နသန်သည် e- ငွေပေးချေစနစ်များကို အသုံးပြုနိုင်သော ပထမဆုံးပုံရိပ်ဖတ် သက်သေခံကတ်များကို လက်ခံခဲ့သည်။ မာစတာကတ်များသည် ကြိုတင်ငွေပေးသွင်းစနစ်ကို အထောက်အကူပြုကာ ယင်းကဘဏ်စာရင်းမရှိသော နိုင်ဂျီးရီးယားလူမျိုးများကို ဘဏ္ဍာရေးဝန်ဆောင်မှုများကို ယခုအခါရရှိစေလိမ့်မည်ဖြစ်သည်။

လွန်ခဲ့သော ၁၀နှစ်က နိုင်ဂျီးရီးယားနိုင်ငံတွင် နိုင်ငံသားသက်သေခံကတ်များကို အသုံးပြုရန်ကြိုးစားမှုပြုလုပ်ခဲ့ခြင်းမှာလည်း မအောင်မြင်ခဲ့ပေ။ ကျွမ်းကျင်သူများက ၄င်းကျဆုံးမှုသည် အကျင့်ပျက်ခြစားမှုနှင့် သက်ဆိုင်ကြောင်း ပြစ်တင်ဝေဖန်ခဲ့ပြီး ယခုအခါ e- နိုင်ငံသားစိစစ်ရေးကတ်များအသစ်ပြုလုပ်သော စီမံကိန်းတွင်လည်း ယင်းကဲ့သို့ဖြစ်စဉ်များ မပေါ်ပေါက်ရန်ပြုလုပ်သင့်သည်ဟု ပြောခဲ့သည်။

**(ဘီဘီစီ)**



## အစိုးရသစ်ဖွဲ့စည်းရန် လမ်းခင်းပေးသည့်အနေဖြင့် လစ်ဗျားကြားဖြတ်အစိုးရ ရာထူးမှနုတ်ထွက်

**ထရီပိုလီ ဩဂုတ် ၂၉**

ဝန်ကြီးချုပ် အဗ္ဗဒူလာအယ်လ်တာနီ ဦးဆောင်သော လစ်ဗျားကြားဖြတ်အစိုးရသည် ဇွန်လက ပါလီမန်ရွေးကောက်ပွဲကျင်းပပြီးနောက် အစိုးရသစ်ဖွဲ့စည်းရန် လမ်းခင်းပေးသည့်အနေဖြင့် နုတ်ထွက်သွားသည်။

လစ်ဗျားဖွဲ့စည်းပုံအခြေခံဥပဒေအရ လစ်ဗျားပြည်သူအားလုံးကို ကိုယ်စားပြုသည့် အစိုးရဖွဲ့စည်းရန် အောက်လွှတ်တော်ကိုယ်စားလှယ်များကို ခွင့်ပြုပေးရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်တာနီ၏ အစိုးရအဖွဲ့က ကြာသပတေးနေ့တွင် ကြေညာချက် ထုတ်ပြန်ထားသည်။ တာနီသည် ၂၀၁၁ ခုနှစ်မတ်လမှစပြီး ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

လစ်ဗျားပြည်သူများကို ကိုယ်စားပြုသော အစိုးရသစ်အနေဖြင့် နိုင်ငံအတွင်း လုံခြုံရေးပြန်လည်ထူထောင်ရေးနှင့် တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်သင့်ကြောင်း ရာထူးမှနုတ်ထွက်သွားသော ကြားဖြတ်အစိုးရက မျှော်လင့်ထားသည်။

လစ်ဗျားအထွေထွေအမျိုးသားကွန်ဂရက်(ဂျီအင်န်စီ)ကို ဇွန်လက ရွေးကောက် တင်မြှောက်ခဲ့သည့် ပါလီမန်က တရားဝင်အစားထိုးပြီး သုံးရက်အကြာ အဆိုပါအစိုးရအဖွဲ့ နုတ်ထွက်ပေးခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဟူးနေ့က လစ်ဗျားအစိုးရ ဝန်ကြီးခြောက်ဦးသည် ကြားဖြတ်အစိုးရကိုမကျေနပ်၍ နုတ်ထွက်သွားခဲ့သည်။ လစ်ဗျားနိုင်ငံသည် နိုင်ငံကိုကာလကြာရှည်စွာ အုပ်ချုပ်ခဲ့သော အာဏာရှင်မွမ်မာကဒါဖီကျဆုံးပြီးကတည်းက အဆိုးရွားဆုံး အကြမ်းဖက်မှုများ ဖြစ်ပွားလျက်ရှိသည်။

**(ပရက်စ်တီဗွီ)**

# ဆီးရီးယားပြည်သူသုံးသန်းကျော်စစ်ပွဲကြောင့် ထွက်ပြေးရ အိမ်နီးချင်းနိုင်ငံများ၌ ဒုက္ခသည်များအဖြစ်ခိုလှုံ



**ကုလသမဂ္ဂ ဩဂုတ် ၂၉**

ယခုအခါ ဆိုးရွားလှသော ဘေးဒုက္ခများစွာဖြင့် ရင်ဆိုင်နေရသော ဆီးရီးယား ဒုက္ခသည်သုံးသန်းကျော်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံသား တစ်ဝက်နီးပါးခန့် နေအိမ်များစွန့်ခွာထွက်ပြေးရခြင်းသည် အကြီးမားဆုံးလူသားချင်းဆိုင်ရာ အရေးပေါ်ကိစ္စဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဆိုသည်။

ဒုက္ခသည်အများစုသည် ဆီးရီးယား ပတ်ဝန်းကျင်နိုင်ငံများသို့ ပြောင်းရွှေ့လေ့ရှိပြီး လက်ဘနွန်ဒုက္ခသည်များစခန်း၌ ခိုလှုံသူဦးရေသည် ၁ ဒသမ ၁၄ သန်းရှိလာပြီဖြစ်သည်။ သုံးနှစ်ကြာဖြစ်ပွားခဲ့သော ဆီးရီးယား ပြည်တွင်းစစ်အတွင်း၌ ပြည်သူ ၁၉၀၀၀၀ ကျော်သေဆုံးခဲ့ရသည်။

သမ္မတ ဘရှာအယ်လ်အာဆတ် သစ္စာတော်ခံ တပ်ဖွဲ့ဝင်များသည် ဆီးရီးယားရှိ အတိုက်အခံအုပ်စုများနှင့် ၂၀၁၁ခုနှစ် မတ်လက ၄င်းတို့ကို နှိမ်နင်းမှုများပြုလုပ်ပြီး ကတည်းက တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံနေရာအနှံ့အပြား၌ သိမ်းပိုက်မှုများ ပြုလုပ်လျက်ရှိသည့် အစ္စလာမ့်အုပ်စု ကြီးထွားလာခြင်းကြောင့် မကြာသေးမီလများအတွင်း နိုင်ငံမငြိမ်သက်မှု ပိုမိုဆိုးရွားလာသည်။

**(ဘီဘီစီ)**

## အီရတ်မြောက်ပိုင်းတိုက်ခိုက်နေသော ကာ့ဒ်တပ်ဖွဲ့ဝင်များအား သတိပေး စစ်သွေးကြွများက ကာ့ဒ်တပ်ဖွဲ့ဝင်တစ်ဦးအား ကွပ်မျက်သည့် ဗီဒီယိုထုတ်လွှင့်

**ဘဂ္ဂဒက် ဩဂုတ် ၂၉**

အစ္စလာမ် စစ်သွေးကြွ အိုင်အက်စ်အဖွဲ့သည် အီရတ်မြောက်ပိုင်းတွင် တိုက်ခိုက်နေသော တပ်ဖွဲ့ဝင်များကို သတိပေးသည့်အနေဖြင့် ကာ့ဒ်တိုက်ခိုက်ရေးသမားကို ခေါင်းဖြတ်သတ်သည့် ဗီဒီယိုတစ်ကားကို ထုတ်လွှင့်ပြသခဲ့သည်။

သွေးကြားက သတင်းစကားဟု အမည်ပေးထားသော အဆိုပါဗီဒီယိုတွင် အဝါရောင်အင်္ကျီဘောင်းဘီ တွဲဆက်ထားသော ဝတ်စုံဝတ်ဆင်ထားသည့် လူများက ကာ့ဒ်တိုက်ခိုက်ရေးသမားများကို ဖမ်းဆီးသည့်အနေအထားကို ပြသခဲ့သည်။

ဓားစာခံသည် ၄င်းကို ခေါင်းဖြတ်မသတ်မီ အိုင်အက်စ်တိုက်ခိုက်ရေးသမားများ သိမ်းပိုက်ထားသော မြို့တော်မိုဆူးလ်ရှိ ဘုရားကျောင်းအနီးတွင် ဒူးထောက်နေသည့် အနေအထားကို တွေ့မြင်ရမည်ဖြစ်သည်။ အကယ်၍ ကာ့ဒ်ခေါင်းဆောင်များက အမေရိကန်ကို ဆက်လက်ထောက်ခံနေလျှင် ဂျီဟတ်များက အခြားသူများကို သတ်ပြစ်မည်ဟု သတိပေးခြိမ်းခြောက်ခဲ့သည်။

အီရတ်မြောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာ့ဒ်ဒေသရှိ ကာ့ဒ်တိုက်ခိုက်ရေးသမားများက အိုင်အက်စ်များကို အမေရိကန်လေကြောင်းတိုက်ခိုက်မှု နောက်ခံအကူအညီဖြင့် အရေးပေါ်တန်ပြန်တိုက်ခိုက်ရန် ကြိုးစားခဲ့ကြသည်။

အစောပိုင်းကာလများက ဆီးရီးယားမှ အိုင်အက်စ်ဗီဒီယိုများသည် ဆီးရီးယား အခြေစိုက်စခန်းများ ပျက်သုဉ်းသွားပြီးနောက် ယင်းဒေသတွင် အကျဉ်းသားအဖြစ် ဖမ်းဆီးထားသော ဆီးရီးယားစစ်သားများကို ခုလိုသတ်ဖြတ်သည့် အနေအထားကိုပြသသည့် ဗီဒီယိုများဖြစ်သည်။

အိုင်အက်စ်များက တပ်ဘ်ကွမြို့အခြေစိုက်စခန်းကို အကြမ်းဖက်ပြီးနောက် ဆီးရီးယား တပ်ဖွဲ့ဝင်များသည် ထိုဒေသမှ ထွက်ပြေးလာစဉ် အဖမ်းခံခဲ့ရသည်ဟု ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေး တက်ကြွသူများအဖွဲ့က ပြောသည်။

ဆွန်နီစစ်သွေးကြွများက ဆီးရီးယားနှင့် အီရတ်နိုင်ငံအကြား ယင်းတို့ထိန်းချုပ်ရာဒေသကို နိုင်ငံတစ်ခုအဖြစ် ကြေညာခဲ့သည်။

လွန်ခဲ့သောအပတ်တွင် အိုင်အက်စ်များက အမေရိကန်သတင်းထောက် ဂျိန်းဖိုလေးကို ခေါင်းဖြတ်သတ်ဖြတ်ခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာ၏ ရှုတ်ချမှုများကို ရရှိခဲ့သည်။ အီရတ်ဒေသရှိ အမေရိကန်လေတပ် တိုက်ခိုက်ရေးက ဤကဲ့သို့ အမေရိကန်သတင်းထောက်သေဆုံးခဲ့သည့်အတွက် ပြန်လည်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဂျီဟတ်တပ်ဖွဲ့များက အခြားသော အမေရိကန်ဓားစာခံများကိုလည်း သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

**(ဘီဘီစီ)**



## မလေးရှားလေကြောင်းလိုင်း မတော်တဆမှုနှစ်ကြိမ်ဖြစ်ပွားပြီးနောက် ပြန်လည်ကောင်းမွန်ရန် ဝန်ထမ်း ၆၀၀၀ လျှော့ချမည်

**ကွာလာလမ်ပူ ဩဂုတ် ၂၉**

မလေးရှားလေကြောင်းလိုင်းက ယခုနှစ်အတွင်း မတော်တဆမှုနှစ်ကြိမ်ဖြစ်ပွားပြီးနောက် ပြန်လည်ကောင်းမွန်လာရေး အစိတ်အပိုင်းအဖြစ် ဝန်ထမ်း ၆၀၀၀ လျှော့ချသွားမည်ဟု ဆိုသည်။

အဆိုပါဝန်ထမ်းများလျှော့ချမှုသည် ဝန်ထမ်း ၂၀၀၀၀ ရှိသည့်အနက် ၃၀ ရာခိုင်နှုန်းလျှော့ချခြင်းဖြစ်သည်ဟု ဆိုသည်။ မလေးရှားလေကြောင်းလိုင်းသည် လုံးဝနိုင်ငံပိုင်လုပ်ငန်းဖြစ်လာမည်ဖြစ်ပြီး ၄င်းတွင် အမှုဆောင်အရာရှိတစ်ဦး ခန့်အပ်သွားမည်ဟု ဆိုသည်။

စုံစမ်းရေးမှူးများက မတ်လအတွင်း ပျောက်ဆုံးသွားသော ကွာလာလမ်ပူမှ ပေကျင်းသို့သွားသည့် MH370 လေယာဉ်ကို ဆက်လက်ရှာဖွေသွားမည်ဟု ဆိုသည်။ ဇူလိုင်လက ယူကရိန်းအရှေ့ပိုင်း၌ ပျက်ကျခဲ့သည့် MH17 လေယာဉ်ကိုလည်း ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။

လေကြောင်းလိုင်းများ ပြန်လည်ကောင်းမွန်လာရေးအတွက် အဆိုပါလေကြောင်းလိုင်းက မလေးရှား ရင်းဂစ် ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ) ကျခံသုံးစွဲမည်ဟု ဆိုသည်။

**(ဘီဘီစီ)**

ဆောင်းပါး

# စာကြည့်တိုက်များ မြစ်ဖျားခံရာ အမျိုးသားစာကြည့်တိုက်

မမြဦး

မြန်မာနိုင်ငံတွင် ပုဂံခေတ်အနော်ရထာ ပိဋကတ်တိုက်သည် စာရေးသူတို့နိုင်ငံ၏ သမိုင်းအထောက်အထားခိုင်လုံသော အစောဆုံး စာကြည့်တိုက် ပိဋကတ်တိုက်ပင်ဖြစ်ပါသည်။ သီပေါမင်းပါတော်မူပြီးနောက် နန်းတွင်းဘုရင်သုံး ပိဋကတ်တိုက်များသည် ပြည်သူတစ်ရပ်လုံး အသုံးပြုစေသော လူထုစာကြည့်တိုက်များ အသွင်ပုံသဏ္ဍာန်သို့ရွေ့ရှုခဲ့ပါသည်။ မြန်မာနိုင်ငံတွင် နန်းတွင်းစာကြည့်တိုက်များမှ ပုဂ္ဂလိကပိုင်စာကြည့်တိုက်များအထိ ပြန့်ပွား(ပျံ့နှံ့)လာခဲ့သည်ကို မြန်မာစာပေသမိုင်းတစ်လျှောက် အထင်အရှား တွေ့ရှိရပါသည်။

၁၈၈၃ ခုနှစ်၌ပင် အောက်မြန်မာနိုင်ငံ၌ ဘားနတ်ပိဋကတ်ခေါ် ခေတ်မီစာကြည့်တိုက်ကို အများပြည်သူတို့အကျိုးငှာ တည်ထောင်ခဲ့ပါသည်။ ဘားနတ်အခလွတ် စာကြည့်တိုက်သည် မြန်မာနိုင်ငံတွင် ပြည်သူများအား အခမဲ့ကြည့်ရှုလေ့လာခွင့်ပြုသည့် **“ပထမဆုံး ပြည်သူ့စာကြည့်တိုက်”** ဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်သည် ထိုဘားနတ် အခလွတ်စာကြည့်တိုက် Bernard Free Library ကို အခြေပြု၍ တည်ထောင်ခဲ့သော စာကြည့်တိုက်ဟု ဆိုနိုင်ပါသည်။

၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနကို တည်ထောင်ခဲ့ပြီး ဘားနတ်အခလွတ်စာကြည့်တိုက်ကို အစိုးရက လွှဲပြောင်းရယူခဲ့ပါသည်။ ၁၉၅၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနက “နိုင်ငံတော်စာကြည့်တိုက်” (State Library ) အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟောတွင် ဖွင့်လှစ်ခဲ့ပါသည်။ နိုင်ငံတော်စာကြည့်တိုက်ကို အမျိုးသားစာကြည့်တိုက်အဖြစ် အဆင့်ဆင့်ပြောင်းလဲခဲ့ပါသည်။

၂၀၀၉ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်ကို နေပြည်တော်တွင် ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ခဲ့ပြီး ရာဇသင်္ဂဟအဝိုင်း၏ လက်ယာဘက် လျှိုပိတ်တမံအမှတ်(၅)အနီးတွင် ဆောက်လုပ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိ စာစုများအနက် အမျိုးသားစာကြည့်တိုက်ကို နေပြည်တော်အတွက် ခွဲဝေကာ ကြိုတင်ပြင်ဆင်ခဲ့ရပါသည်။ ၂၀၁၃ ခုနှစ် မတ်လတွင် ပင်မဆောင်ဆောက်လုပ်ပြီးစီးရာ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကို ၂၀၁၃ ခုနှစ် မေလ ၃ ရက်နေ့တွင် ပထမဆောင်ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၏ ဒုတိယအဆင့်အဖြစ် အဆောင်ဘီဆောင်ကို ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်သည် နိုင်ငံကိုကိုယ်စားပြုသော နိုင်ငံတော်အဆင့် စာကြည့်တိုက်ဖြစ်သဖြင့် အခြားသော စာကြည့်တိုက်များနှင့်မတူဘဲ ထူးခြားသော ဝိသေသများရှိပါသည်။ ၎င်းဝိသေသများမှာ-

(က) နိုင်ငံ၏အမျိုးသားအဆင့် (National Level) စာကြည့်တိုက်ဖြစ်ခြင်း၊
(ခ) တစ်မျိုးသားလုံးနှင့် သက်ဆိုင်ပြီး နိုင်ငံတစ်နိုင်ငံတွင် စာပေပစ္စည်း အစုံအလင်ဆုံးနှင့် အကြီးမားဆုံးစာကြည့်တိုက်ဖြစ်ခြင်း၊
(ဂ) အမျိုးသားစာပေအမွေအနှစ်ကို ထိန်းသိမ်းရာဌာန၊ သုတေသီများ သုတေသနပြုရာဌာန၊ စာပေနှင့်လူထုကို ဆက်သွယ်ပေးရာဌာနဖြစ်ခြင်း၊
(ဃ) လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမရွေးဘဲ စာရှာသူများ သိလိုသမျှ အကြောင်းအရာ အချက်အလက်များကို ရှာဖွေနိုင်၊ လေ့လာဆည်းပူးနိုင်၊ သုတေသနပြုနိုင်သောဌာနဖြစ်ခြင်းတို့ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်၏ မျှော်မှန်းချက်မှာ **“ မြန်မာနိုင်ငံ၏ အမျိုးသားစာပေအမွေအနှစ်ဗဟိုဌာနဖြစ်လာစေရန်”** ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမျိုးသားစာကြည့်တိုက်သည် မြန်မာနိုင်ငံစာကြည့်တိုက်များ၏ အမျိုးသားဗဟိုဌာနအဖြစ်လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အသိပညာဗဟုသုတများ၊ အမွေအနှစ်များ၏ အချက်အလက်ဗဟိုဌာနအဖြစ်လည်းကောင်း ဖြစ်လာစေရန် မျှော်မှန်းပါသည်။

အမျိုးသားစာကြည့်တိုက်၏ စာကြည့်တိုက်လုပ်ငန်းများမှာ စာကြည့်တိုက်သို့ စာပေအနုပညာပစ္စည်းများရောက်ရှိအောင် ဆောင်ရွက်ရသည့် လုပ်ငန်းမှစ၍ စာပေအနုပညာပစ္စည်းများကို စနစ်တကျ စာရင်းတင်ကာ သက်ဆိုင်ရာစင်များသို့ ရောက်ရှိသည်အထိ အဆင့်ဆင့်လုပ်ငန်းများကို ဆောင်ရွက်ရပါသည်။ စနစ်တကျစင်တင်ပြီးသော စာပေအနုပညာပစ္စည်းများကို ကျောင်းသား ကျောင်းသူများ၊ သုတေသီများနှင့် အများပြည်သူတို့ အဆင်ပြေစွာ ဖတ်ရှုလေ့လာအသုံးပြုနိုင်စေရန် ဝန်ဆောင်မှုပေးခြင်း၊ ပျက်စီးပျောက်ဆုံးမှုနည်းပါးစေရန် နှစ်စဉ်စိစစ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းစသည့် စာကြည့်တိုက်လုပ်ငန်းများအပြင် စာကြည့်တိုက်ပညာတိုးတက်ပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများ၊ ပြည်တွင်းပြည်ပစာကြည့်တိုက်များ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရပါသည်။ အမျိုးသားစာကြည့်တိုက်သည် အဓိကစာကြည့်တိုက်လုပ်ငန်းများဖြစ်သော စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာဖြန့်ဝန်ဆောင်မှုလုပ်ငန်းနှင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြောင်းလဲလာသော ခေတ်နှင့်အညီ တိုးတက်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information & Communication Technology) များကိုပေါင်းစပ်လျက် မျှော်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။

စာစုလုပ်ငန်းဆိုသည်မှာ စာအုပ်၊ စာနယ်ဇင်းစသော ပုံနှိပ်စာအုပ်စာတမ်းများ၊ ပေ၊ ပုရပိုက်၊ လက်ရေးစာ၊ လက်နှိပ်စက်မူ၊ လက်ကမ်းစာစောင်၊ မြေပုံ၊ မိုက်ကရိုဖလင်၊ ဂီတသင်္ကေတများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်ဖလင်များ၊ ဓာတ်ပြားများ၊ ဗီဒီယိုနှင့်အသံသွင်းတိပ်ခွေများ၊ စာရွက်၊ ဖလင်နှင့် အခြားပစ္စည်းများကို အသုံးပြု၍ မှတ်တမ်းပြုထားသောပစ္စည်းများ၊ ၎င်းတို့ကို ပြန်လည်ထုတ်လုပ်ထားသော ပစ္စည်းများအစရှိသည်တို့ပါဝင်သည့် ပုံနှိပ်ထားခြင်းမဟုတ်သော စာပေအနုပညာပစ္စည်းများကို စာကြည့်တိုက်အတွက် နည်းလမ်းအသွယ်သွယ်ဖြင့် စုဆောင်းခြင်း၊ တိုးပွားအောင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားစာကြည့်တိုက်သည် စာအုပ်များကို စုဆောင်းရာတွင်

(က) မှတ်ပုံတင် အက်ဥပဒေအရအခမဲ့ရရှိခြင်း၊
(ခ) ဌာန၏ ရန်ပုံငွေဖြင့်ဝယ်ယူခြင်း၊
(ဂ) လှူဒါန်းမှုကိုလက်ခံခြင်း၊ လက်ဆောင်ရရှိခြင်းနှင့် စာအုပ်လဲလှယ်ခြင်းနည်းလမ်းများဖြင့် စာစုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

စာကြည့်တိုက်အတွက် နည်းလမ်းအသွယ်သွယ်ဖြင့် စုဆောင်းထားရှိသော စာပေအနုပညာပစ္စည်းများကို စာဖတ်သူတို့ အလွယ်တကူရှာဖွေရယူနိုင်စေရန် နိုင်ငံတကာစာကြည့်တိုက်သုံးစည်းမျဉ်းများကို အသုံးပြု၍ ကတ်တလောက်များပြုစုခြင်း၊ အညွှန်းများပြုစုခြင်း၊ အမျိုးသားစာစုစာရင်းများပြုစုခြင်း၊ စာကြည့်တိုက်အသုံးပြုသူများ လိုအပ်သောစာအုပ်၊ စာပေပစ္စည်းများ၏ အချက်အလက်များကို လွယ်ကူလျင်မြန်စွာ ရှာဖွေတွေ့ရှိနိုင်ရန် ရည်ရွယ်၍ အမျိုးသားစာကြည့်တိုက်၏ Solib Library Software ကို Web-base Software အဖြစ် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် အမျိုးသားစာကြည့်တိုက်သည် စာပေအမွေအနှစ်များကို နောင်လာနောက်သားများသို့ လက်ဆင့်ကမ်း သယ်ဆောင်ရန် တာဝန်ရှိပါသဖြင့် စာအုပ်စာပေပစ္စည်းများကို စာကြည့်တိုက်ပြင်ပသို့ ငှားရမ်းခြင်းမပြုဘဲ စာဖတ်ခန်းများတွင် မည်သူမဆို လာရောက်၍ အခမဲ့ ဖတ်ရှု၊ ကြည့်ရှုလေ့လာနိုင်ပါသည်။ အမျိုးသားစာကြည့်တိုက်၏ စည်းမျဉ်း

**ကလေးများ၏ အတွေးအခေါ်နှင့် လူနေမှုဘဝ မြင့်မားစေရန် နိုင်ငံတော်ကိုလုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်ရန် ခေတ်မီနိုင်ငံတော်ကြီး အဖြစ် အစဉ်သဖြင့် ရပ်တည်နိုင်ရန်အတွက် မိဘများနှင့်ဆရာ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုသာမက စာကြည့်တိုက်များတွင် ထိန်းသိမ်းထားသော ဗဟုသုတစာပေအမွေအနှစ်များကို ကောင်းမွန်စွာ ထုတ်ယူဖတ်ရှု အသုံးပြုတတ်ရန်လည်း လိုအပ်....**

စည်းကမ်းအရ ပြင်ပသို့ စာအုပ်များငှားရမ်းခြင်းမပြုသော်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ အစိုးရဝန်ကြီးဌာနများ၊ ဦးစီးဌာနများက အရေးတကြီး လာရောက် အကူအညီတောင်းသည့်အခါတွင် ဌာနဆိုင်ရာတရားဝင်စာဖြင့် အချိန်အကန့်အသတ်ဖြင့် ငှားရမ်းပေးရပါသည်။

အမျိုးသားစာကြည့်တိုက်တွင် စာဖတ်ခန်းဝန်ဆောင်မှုလုပ်ငန်း၊ ရည်ညွှန်းလုပ်ငန်းကို အဓိကထားဆောင်ရွက်သည့်အားလျော်စွာ စာဖတ်သူများက လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ သိလို၍ မေးမြန်းလာသော အချက်အလက်များကို ရည်ညွှန်းကိုးကားအသုံးပြုနိုင်သည့် အထောက်အထားများအသုံးပြု၍ ကူညီရှာဖွေပေးခြင်းဖြင့် စာကြည့်တိုက်အသုံးပြုသူများ စိတ်ကျေနပ်မှုရရှိအောင် ဆောင်ရွက်ပေးပါသည်။ အဆောင်(ဘီ) ဖွင့်လှစ်ပြီးပါက စာဖတ်သူတစ်ဦး(သို့) နှစ်ဦးသီးသန့်ဖတ်ရှုနိုင်ရန် သီးသန့်စာဖတ်ခန်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပါသည်။

ထို့အပြင် စာကြည့်တိုက် အသုံးပြုသူများအတွက် လိုအပ်သော အထောက်အထားများကို အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာရှာဖွေနိုင်ရန် အွန်လိုင်းကတ်တလောက် (Online Public Access Catalogue) ကိုလည်းထားရှိပါသည်။ အမျိုးသားစာကြည့်တိုက်၏ Solib Software ကိုစတင်အသုံးပြုနေချိန်တွင် စာကြည့်တိုက်အတွင်းတွင်သာမက အမျိုးသားစာကြည့်တိုက်၏ Website <www.nlm.gov.mm >သို့ ဝင်ရောက်၍ စာကြည့်တိုက်ပိုင်စာစုများကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ စာကြည့်တိုက်အသုံးပြုသူများ လိုအပ်သည့်အချက်အလက်များအား မိတ္တူကူးပေးသည့် ဝန်ဆောင်မှုကိုလည်း ပေးပါသည်။

ယင်းသို့ ဝန်ဆောင်မှုများပေးရာတွင် ကလေးသူငယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ထားသော **‘ကလေးစာကြည့်တိုက်’** သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကလေးများသည် အနာဂတ်ကာလ မျိုးဆက်သစ်များဖြစ်သည့်အားလျော်စွာ ကလေးများ၏ အတွေးအခေါ်နှင့် လူနေမှုဘဝမြင့်မားစေရန် နိုင်ငံတော်ကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်နိုင်ရန် ခေတ်မီနိုင်ငံတော်ကြီးအဖြစ် အစဉ်သဖြင့် ရပ်တည်နိုင်ရန်အတွက် မိဘများနှင့်ဆရာ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုသာမက စာကြည့်တိုက်များတွင် ထိန်းသိမ်းထားသော ဗဟုသုတစာပေအမွေအနှစ်များကို ကောင်းမွန်စွာထုတ်ယူဖတ်ရှု အသုံးပြုတတ်ရန်လည်း လိုအပ်ပါသည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် ကလေးများ ငယ်ရွယ်စဉ်မှ စတင်ကာ စာကြည့်တိုက်အသုံးပြုမှုကျွမ်းဝင်စေရန်၊ စာဖတ်ရှိန်မြင့်မားလာစေရန်၊ စာပေချစ်မြတ်နိုးသည့် အလေ့အထကောင်းများပြုစုပျိုးထောင်ရန်၊ စာပေမှတစ်ဆင့် နိုင်ငံ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ကောင်းစွာသိရှိပြီး ထိန်းသိမ်းတန်ဖိုးထားမြတ်နိုးတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သည် နေပြည်တော်ရှိ အထက်တန်း၊ အလယ်တန်းကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား စာကြည့်တိုက်မှ အကြို/အပို့ပြုလုပ်ပေးကာ စာကြည့်တိုက်သို့ ဖိတ်ခေါ်၍ စာဖတ်ပြိုင်ပွဲများကျင်းပခြင်း၊ e- library အသုံးပြုမှုများအား သင်ကြားပေးခြင်း၊ စာဖတ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းတို့ကို လတစ်လ၏ ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ယင်းကျောင်းများသို့ သွားရောက်၍ စာကြည့်တိုက်ပညာပေးဟောပြောပွဲများ၊ စာအုပ်ပြပွဲများကိုလည်း မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးများနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သီတင်းကျွတ်ကျောင်းပိတ်ရက်များနှင့် နွေရာသီကျောင်းပိတ်ရက်များတွင် ကလေးများအား စာကြည့်တိုက်သို့ဖိတ်ခေါ်၍ စာဖတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပုံဆွဲပြိုင်ပွဲများ၊ ပုံများအား ဆေးရောင်ခြယ်ခြင်း၊ ပျော်ရွှင်ဖွယ်ကစားနည်းများဖြင့် ကလေးများ စာကြည့်တိုက်အသုံးပြုမှု ရင်းနှီးကျွမ်းဝင်စေရန် ကလေးစာကြည့်တိုက်လှုပ်ရှားမှုများကိုလည်း ပညာသင်ကြားရေးနယ်ပယ်ရှိ ကလေးသူငယ်ကျောင်းသား ကျောင်းသူများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

စာကြည့်တိုက်ရှိ စာပေအထောက်အထားမှတ်တမ်းများ မူလအခြေအနေထက် ဆိုးရွားစွာ ပျက်စီးမှုမဖြစ်အောင်တားဆီးခြင်းနှင့် ပျက်စီးလာလျှင်လည်း ဆက်လက်ပျက်စီးမှုမဖြစ်စေရန် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းခြင်း၊ နည်းစနစ်များကို အသုံးပြု၍ အဆင့်ဆင့်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ပြည်တွင်းပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြည်ပနိုင်ငံများသို့ သင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေနိုင်ရန် စာကြည့်တိုက်ဝန်ထမ်းများ စေလွှတ်ခြင်းများကိုလည်း ဆောင်ရွက်ပါသည်။

အမျိုးသားစာကြည့်တိုက်၏ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်သော အမျိုးသားစာစုစာရင်း (National Bibliography)လုပ်ငန်းကို အမျိုးသားစာကြည့်တိုက်နှစ်ခုက ထုတ်ဝေသည့်နှစ်များခွဲကာ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားစာစုစာရင်းသည် နိုင်ငံအတွင်း ထုတ်ဝေသမျှသော စာပေပစ္စည်းအားလုံး၏ စာရင်းပင်ဖြစ်ပါသည်။ ခေတ်တစ်ခေတ်၏ စာပေအဆင့်အတန်း၊ ပြည်သူလူထု၏စာပေစိတ်ဝင်စားမှု၊ ခေတ်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို လေ့လာသုတေသနပြုနိုင်ပြီး ပိုမိုတိုးတက်စေမည့် နည်းလမ်းများ၊ ဖန်တီးနိုင်သော အကျိုးကျေးဇူးများ ရရှိနိုင်သဖြင့် အမျိုးသားစာစုစာရင်းကို ပြုစုထုတ်ဝေရခြင်းဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် စုဆောင်းထိန်းသိမ်းထားရှိသည့် စာပေပစ္စည်းများအား Digital Form အဖြစ်ပြောင်းလဲပြီး e-Books, e-Periodicals အဖြစ်လေ့လာဖတ်ရှုနိုင်ရန်အတွက် Digitalized ပြုလုပ်ခြင်းကို ၂၀၁၀ပြည့်နှစ် စက်တင်ဘာလမှစတင်၍ဆောင်ရွက်လျက်ရှိပါသဖြင့် စာကြည့်တိုက်အသုံးပြုသူများ e-Books,e-Periodicals အနေဖြင့် ဖတ်ရှုနိုင်ရန် e-Libraryဝန်ဆောင်မှုပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သည် စာကြည့်တိုက်ပညာပြန့်ပွားရေးနှင့် စာကြည့်တိုက်များတည်ထောင်ရေးတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) က ဒီပလိုမာဘွဲ့များကို အပ်နှင်းပေးလျက်ရှိပါသည်။

ထို့အပြင် အမျိုးသားစာကြည့်တိုက်သည် စာကြည့်တိုက်ပညာပြန့်ပွားရေးနှင့် စာကြည့်တိုက်များ တည်ထောင်ရေးတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့်အခြေခံစာကြည့်တိုက်ပညာရက်တိုနှင့်တစ်လသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများအား လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အစိုးရဝန်ကြီးဌာနစာကြည့်တိုက်များ၊ ပုဂ္ဂလိကစာကြည့်တိုက်များနှင့် ပြည်သူ့စာကြည့်တိုက်များတွင် တာဝန်ထမ်းဆောင်နေသူများ၊ စာကြည့်တိုက်ပညာရပ်အားစိတ်ပါဝင်စားသူများ၊ စာပေချစ်မြတ်နိုးသူများအနေဖြင့်လည်း မိမိတို့ကိုယ်ပိုင်စာကြည့်တိုက်များ တည်ထောင်နိုင်စေရန်နှင့် ဘွဲ့လွန်စာကြည့်တိုက်ပညာဒီပလိုမာသင်တန်း မတက်ရောက်ရသေးသည့် စာကြည့်တိုက်ဝန်ထမ်းများအနေဖြင့် စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ သုတေသီများနှင့် စာဖတ်သူများအတွက် ထိရောက်သော ဝန်ဆောင်မှုပေးနိုင်စေရန်၊ ခေတ်မီသတင်းအချက်အလက်နည်းပညာများကို အသုံးပြုကာ စာပေပစ္စည်းများအား စနစ်တကျထိန်းသိမ်းခြင်း၊ ရှာဖွေခြင်းတို့ကို ကိုယ်တိုင်သိရှိနားလည်အသုံးချနိုင်စေရန်အတွက်လည်းကောင်း စာကြည့်တိုက်အခြေခံကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

စာကြည့်တိုက်များသည် စာဖတ်သူစိတ်ကျေနပ်နိုင်ရန်၊ သတင်းအချက်အလက်မြန်ဆန်မှန်ကန်စွာပေးပို့နိုင်ရန် အဘက်ဘက်မှ ခေတ်မီအောင် စီစဉ် ဆောင်ရွက်ရသည်နှင့်အညီ စာကြည့်တိုက်ဝန်ထမ်းများ၏ ဉာဏ်ပညာ အရည်အချင်းနှင့်စွမ်းဆောင်နိုင်မှုများမှာလည်းအဓိကကျပြီး အရေးပါလှပါသည်။ ထို့ကြောင့် စာကြည့်တိုက်မှူးများ၊ တာဝန်ခံများ၊ စာကြည့်တိုက်ဝန်ထမ်းများ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော စာကြည့်တိုက်ပညာရပ်များနှင့်ပတ်သက်၍ အသိပညာအခြေခံသောခေတ်တွင် ခေတ်မီတိုးတက်သော စာကြည့်တိုက်လုပ်ငန်းများဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးနိုင်ရန်အတွက် စာကြည့်တိုက်ဝန်ထမ်းများအား ခေတ်မီသတင်းအချက်အလက်နည်းပညာဆိုင်ရာ သင်တန်းများသို့ တက်ရောက်သင်ကြားနိုင်ရန်ဆောင်ရွက်ခြင်း၊နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသော စာကြည့်တိုက်ဆိုင်ရာ အခက်အခဲများကို ဖြေရှင်းရန်အတွက် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများပြုလုပ်ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်ဝန်ထမ်းများအား အရည်အသွေးတိုးမြှင့်စေရန် ပညာရပ်ဆွေးနွေးပွဲများ မွမ်းမံသင်တန်းများကိုပြုလုပ်ပေးခြင်း၊ ပြည်ပမှ ဖိတ်ခေါ်သော အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ အစည်းအဝေးများသို့ပါဝင်တက်ရောက်နိုင်စေရန် စေလွှတ်ခြင်း၊ စာကြည့်တိုက်ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေးတိုးတက်မြင့်မားလာစေရန် အင်္ဂလိပ်စာဘာသာရပ်ကို အမျိုးသားစာကြည့်တိုက်တွင် အစိုးရဝန်ကြီးဌာနအချင်းချင်းပူးပေါင်း၍ နိုင်ငံခြားမှပညာရှင်များဖိတ်ခေါ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ (၁၀)သို့*

# လုပ်ငန်းလမ်းညွှန်ရည်ရွယ်ချက်များ ထပ်ဆင့်ရှင်းလင်း

**လှိုင်ကော် ဩဂုတ် ၂၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းလမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ကယားပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များ၊ ဆောင်ရွက်ရန်ရှိသည်များ၊ ရှေ့လုပ်ငန်းစဉ်များကို ပြည်နယ်တရားသူကြီးချုပ် ဦးကျော်လင်းမောင်နှင့် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်အေးအေးမွန်တို့က ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေး ဦးစီးမှူးနှင့် ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ တက်ရောက်ကြသည်။ **ပြည်နယ်တရားလွှတ်တော်**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများသတင်းပို့နေရာ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၉**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာ(Departure) နှင့် ပြည်ပဆိုက်ရောက် (Arrival)တို့ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့နေရာ (Myanmar Migrant Workers' Reporting Counter) များတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ ပြည်ပထွက်ခွာနှင့်ဆိုက်ရောက်ချိန်တို့၌ လိုအပ်သည့်အချက်အလက်များသတင်းပို့ခြင်း ဆောင်ရွက်နေမှုကို ဩဂုတ် ၂၉ ရက်ညနေပိုင်းက သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် သတင်းပို့နေရာများ၌ ထွက်ခွာသူများနှင့် ပြန်လည်ရောက်ရှိသူများအတွက် ကွန်ပျူတာအသုံးပြု၍ အချက်အလက်များ ထည့်သွင်းမှတ်တမ်းတင်ခြင်း၊ အလုပ်သမားများမှ သိရှိလိုသည့် အချက်အလက်များဖြေကြားပေးခြင်း၊ ထိုင်း၊ မလေးရှား၊ ကိုရီးယား သမ္မတနိုင်ငံများရှိ မြန်မာသံရုံးဖုန်းနံပါတ်များ၊ ထိုနိုင်ငံများ၏ တည်ဆဲဥပဒေနှင့် အလုပ်သမားရေးရာ ဥပဒေအကျဉ်းများ၊ တာဝန်ပေးထားသည့် အလုပ်သမားသံအရာရှိများ၏ ဖုန်းနံပါတ်များပါရှိသော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းစသည်ဖြင့် တာဝန်ကျဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်း၍ အဝင်အထွက် စာရင်းအင်းနှင့် သတင်းအချက်အလက်များရရှိစေရန်၊ လိုအပ်သည့်အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန် ရည်ရွယ်လျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ပြည်ပထွက်ခွာ (Departure) နှင့် ပြည်ပဆိုက်ရောက်(Arrival)တို့၌ မြန်မာရွှေ့ပြောင်းအလုပ်သမား သတင်းပို့နေရာ (Myanmar Migrant Workers' Reporting Counter) တစ်ခုစီကို ၂၀၁၄ ခုနှစ် ဇူလိုင် ၂၀ ရက်က ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ ဟောင်ကောင်၊ ကာတာ၊ ယူအေအီး စသည့်နိုင်ငံများသို့ ထွက်ခွာသည့်လုပ်သားကျား ၂၃၂၂ ဦး၊ မ ၂၄၀ စုစုပေါင်း ၂၅၆၂ ဦးနှင့် မလေးရှား၊ တရုတ်၊ ဒုဘိုင်း၊ ကိုရီးယား၊ မကာအို၊ ကာတာ၊ ယူအေအီး၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှ ပြန်လည်ရောက်ရှိသည့် လုပ်သားကျား ၃၂၈ ဦး၊ မ ၁၀၃ ဦး စုစုပေါင်း ၄၃၁ ဦးတို့ သတင်းပို့ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့်ဝန်ဆောင်မှုများနှင့် အကူအညီများပေးနိုင်ရန် ပြည်ပထွက်ခွာနှင့် ပြည်ပဆိုက်ရောက် မြန်မာရွှေ့ပြောင်းလုပ်သားများအားလုံး အဆိုပါသတင်းပို့နေရာများ၌ မပျက်မကွက်ဆက်သွယ်ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး နယ်လှည့်ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၂၉

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ပူတာအို၊ ရွှေကူ၊ ဟိုပင် |
| ၂ | ကယားပြည်နယ် | ရှားတော |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ခန္တီး၊ ကွန်းလှ၊ ကန့်ဘလူ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ တမူး |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ပုလော |
| ၅ | ပဲခူးတိုင်းဒေသကြီး | သဲကုန်း |
| ၆ | မကွေးတိုင်းဒေသကြီး | ချောက်၊ ပွင့်ဖြူ၊ အောင်လံ |
| ၇ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး |
| ၈ | မွန်ပြည်နယ် | မုဒုံ |
| ၉ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ ဒလ |
| ၁၁ | ရှမ်းပြည်နယ် | ဟိုပုံး၊ ရွာငံ၊ ကွန်ဟိန်း၊ ကွမ်းလုံ၊ ဟိုပန်၊ နောင်ချို |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ဓနုဖြူ၊ အင်္ဂပူ |

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

# ဧရာဝတီမြေထိန်းနံရံ ရေကာတာပြိုကျ လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိ

**မြင်းမူ ဩဂုတ် ၂၉**

ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီခန့်က မြင်းမူမြို့အသောကရပ်ကွက် ကမ်းနားလမ်း၌ ဧရာဝတီမြစ်ရေ တိုက်စားမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် အုတ်ရိုးစီမြေထိန်းနံရံ(ရေကာတာ) ၃၅ ပေခန့် ပြိုကျသွားခဲ့သည်။ **(ယာပုံ)** ပြိုကျသည့်နေရာ အရှေ့ဘက်ကပ်လျက် ပေ ၃၀ ခန့် အက်ကြောင်းရှိနေသေး၍ နောက်ထပ်ပြိုကျမည့်အန္တရာယ် ဖြစ်ပေါ်နိုင်သေးသည်။ အုတ်ရိုးစီမြေထိန်း နံရံပြိုကျခဲ့မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ သိန်း ၄၀ ခန့်ရှိသည်။ ယနေ့ မြစ်ရေချိန် ၁၀၁၆ စင်တီမီတာရှိပြီး ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာ ဖြစ်ကြောင်း သိရှိရသည်။ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီခန့်က အုတ်ရိုးစီမြေထိန်း နံရံပြိုကျမှုကို တောင်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက သက်ဆိုင်ရာသို့ အကြောင်းကြား၍ မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီခိုင်နှင့်အဖွဲ့ဝင်များ၊ မြင်းမူမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အုန်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ လာရောက်ကာ ဆက်လက်မြေပြိုမှုမရှိစေရေးဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ **ကိုကိုနိုင်(မြင်းမူ)**



✳ *ကျောဖုံးမှ*

"ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဒီထက်အရည်သွေးကောင်းမွန်ပြီး ပြည်သူတွေပိုမိုယုံကြည်လက်ခံနိုင်အောင် အချိန်နဲ့တစ်ပြေးညီ ဝန်ဆောင်မှုတွေကို တစ်ခုပြီးတစ်ခု လုပ်ဆောင်ပေးသွားမှာပါ။ အခုလည်း လာမယ့် စက်တင်ဘာ ၁ ရက်ကစတင်ပြီး GSM ဆင်းကတ်တွေကို နိုင်ငံတစ်ဝန်းမှာရှိတဲ့ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးတွေမှာ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အရင်ကတော့ အားနည်းခဲ့တာမှန်ပါတယ်။ အခုနောက်ပိုင်းတော့ ဘက်ပေါင်းစုံက ပြုပြင်ပြီး ကောင်းသထက်ကောင်းအောင် ပြည်သူတွေကို ဝန်ဆောင်မှုအသစ်တွေပေးနိုင်အောင် ကြိုးစားလုပ်ဆောင်နေပါတယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်စိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။

**ဝယ်ယူနိုင်**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၄ ခုနှစ်အတွင်း တန်ဖိုးနည်းဖုန်း GSM ဆင်းကတ်များကို သန်းနှင့်ချီ ရောင်းချပေးသွားမည်ဖြစ်ပြီး ယခုလာမည့် စက်တင်ဘာ ၁ ရက်မှစတင်ကာ ရောင်းချပေးသွားမည့် မြို့များမှာ နေပြည်တော်တွင် ဒက္ခိဏသီရိ၊ လယ်ဝေး၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဇမ္ဗူသီရိနှင့် ဇေယျာသီရိ၊ ရန်ကုန်တွင် ဗိုလ်တထောင်၊ ဒဂုံမြို့သစ်၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ပုဇွန်တောင်၊ တာမွေ၊ သာကေတ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ အလုံ၊ ဗဟန်း၊ ဒဂုံ၊ ကိုကိုးကျွန်း၊ ဒလ၊ လှိုင်၊ ကမာရွတ်၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တံတား၊ ကျောက်တန်း၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ ဆိပ်ကြီးခနောင်တို၊ ဆိပ်ကမ်း၊ သန်လျင်နှင့် သုံးခွ၊ မန္တလေးတွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ မိုးကုတ်၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ စဉ့်ကူး၊ အမရပူရ၊ ချမ်းမြသာစည်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ပြည်ကြီးတံခွန်၊ စဉ့်ကိုင်၊ တံတားဦးနှင့် သာစည်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး၊ ပြည်၊ ဒိုက်ဦး၊ ကဝ၊ ကျောက်ကြီး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ အုတ်တွင်း၊ ဖြူး၊ ရွှေကျင်၊ ထန်းတပင်၊ တောင်ငူ၊ သနပ်ပင်၊ ဝေါ၊ ရေတာရှည်၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ နတ်တလင်း၊ အုတ်ဖို၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ရွှေတောင်၊ သာယာဝတီ၊ သဲကုန်းနှင့် ဇီးကုန်း၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဗန်းမော်၊ ဖားကန့်၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ တနိုင်း၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ကရင်ပြည်နယ်တွင် ဘားအံ၊ လှိုင်းဘွဲ၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီ၊ ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်း၊ မင်းတပ်နှင့် တီးတိန်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ဘုတလင်၊ ခန္တီး၊ ဟုမ္မလင်း၊ အင်းတော်၊ ကလေး၊ ကလေးဝ၊ ကန့်ဘလူ၊ ကောလင်း၊ မော်လိုက်၊ မြင်းမူ၊ ပုလဲ၊ စစ်ကိုင်းနှင့် ဝန်းသို၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ ဘုတ်ပြင်း၊ ကော့သောင်း ၊ ကျွန်းစု၊ လောင်းလုံ၊ မြိတ်၊ ပုလောနှင့် ရေဖြူ၊ မွန်ပြည်နယ်တွင် မော်လမြိုင်၊ ဘီးလင်း၊ ချောင်းဆုံ၊ ကျိုက်မရော၊ ကျိုက်ထို၊ မုဒုံ၊ ပေါင်၊ သံဖြူဇရပ်၊ သထုံနှင့် ရေး၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ အမ်း၊ ဘူးသီးတောင်၊ မောင်တော၊ ဂွ၊ ကျောက်ဖြူ၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မန်အောင်၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ၊ ရသေ့တောင်၊ သံတွဲနှင့် တောင်ကုတ်၊ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းတုံ၊ တာချီလိတ်၊ သိန်းနီ၊ ကွတ်ခိုင်၊ လောက်ကိုင်၊ မဘိမ်း၊ မန်တုံ၊ မိုးမိတ်၊ မိုးညှင်း၊ မူဆယ်၊ နမ့်ခမ်း၊ နောင်ချို၊ ကလော၊ ကွန်ဟိန်း၊ လဲချား၊ လင်းခေး၊ ရပ်စောက်၊ လွိုင်လင်၊ မိုင်းရှူး၊ မိုးနဲ၊ နမ့်စန်၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်းတယ၊ ပင်လောင်းနှင့် ရွာငံ၊ မကွေးတိုင်းဒေသကြီးတွင် မကွေး၊ အောင်လံ၊ ချောက်၊ ဂန့်ဂေါ၊ ကံမ၊ မင်းဘူး၊ မင်းတုန်း၊ မင်းလှ၊ မြိုင်၊ မြို့သစ်၊ နတ်မောက်၊ ငဖဲ၊ ပခုက္ကူ၊ ပေါက်၊ ပွင့်ဖြူ၊ စလင်း၊ ဆော၊ ဆိပ်ဖြူ၊ စေတုတ္တရာ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ သရက်၊ ထီးလင်း၊ ရေနံချောင်းနှင့် ရေစကြို၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဘိုကလေး၊ ဓနုဖြူ၊ ဒေးဒရဲ၊ အိမ်မဲ၊ ဟင်္သာတ၊ အင်္ဂပူ၊ ကန်ကြီးထောင့်၊ ကျိုက်လတ်၊ ကြံခင်း၊ ကျောင်းကုန်း၊ ကျုံပျော်၊ လပွတ္တာ၊ လေးမျက်နှာ၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြန်အောင်၊ မြောင်းမြ၊ ငပုတော၊ ညောင်တုန်း၊ ပန်းတနော်၊ ဖျာပုံ၊ သာပေါင်း၊ ဝါးခယ်မ၊ ရေကြည်နှင့် ဇလွန်မြို့များရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ နိုင်ငံတစ်ဝန်း ကျန်ရှိသည့်မြို့များတွင်လည်း ဆက်လက်ရောင်းချသွားနိုင်ရေးနှင့် မြန်မာ့ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ယခင်ကထက် အရည်အသွေး ကောင်းသထက်ကောင်းအောင် ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် လက်တွေ့ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❁ *ရှေ့ဖုံးမှ*

(မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တွဲဖက်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်သည်။

လမ်းအူကြောင်းအရှည်စုစုပေါင်း ၁၅ မိုင် ၄ ဖာလုံရှိ၍ လမ်းအစမှာ မန္တလေး-လားရှိုး-မူဆယ်အဝေးပြေး ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၆၅/၀)၏ ဘယ်ဘက်မှ စတင်ခွဲထွက်ခဲ့ပြီး လမ်းအဆုံးမှာ ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် (၁၈၃/၂)တွင် ပြန်လည်ဆုံသည်ဟု သိရသည်။

ကျွန်တော်သည် ယခုဩဂုတ် ၂၆ ရက်က လားရှိုးသို့ ခေတ္တရောက်ရှိစဉ် အဆိုပါ မြို့ရှောင်ကားလမ်းဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး အေးရှားဝေါလ်လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းအင်ဂျင်နီယာ ဦးစိုင်းကံမင်းကို လမ်းဖောက်လုပ်နေမှုနှင့်ပတ်သက်၍ မေးကြည့်ရာ ၎င်းက လားရှိုးမြို့ရှောင်လမ်းသည် ပြည်ထောင်စုလမ်းမကြီးမှခွဲထွက်၍ မိုင်တိုင်အမှတ် (၆/၁)တွင် လားရှိုး-နမ္မတူလမ်းကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၉/၆)တွင် နမ့်ယော်ချောင်းကို လည်းကောင်း ဖြတ်သန်းသွားမည်ဖြစ်သဖြင့် သဘာဝအနေအထားအရ အပိုင်းသုံးပိုင်းဖြစ်ကြောင်း၊ အပိုင်း(၁)တွင် နှစ်ဖွဲ့၊ အပိုင်း(၂)တွင် တစ်ဖွဲ့၊ အပိုင်း(၃)တွင် တစ်ဖွဲ့၊ စုစုပေါင်းလေးဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ရာ မြေကြီးလုပ်ငန်းတွင် ဖြတ်မြေဖို့မြေ စုစုပေါင်း မြေကြီးကျင်း ၆၁၄၉၁၈ ကျင်း၊ တံတားလုပ်ငန်းတွင် Bridge and Culvert များ ၅၇ ခု၊ မိုင်တိုင် (၉/၆) တွင် နမ့်ယော်ချောင်းကိုဖြတ်မည့် ပေ ၂၂၀ ရှိ တံတားကြီးတစ်စင်းနှင့် ပေါင်း Culvert ၅၈ ခု တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ လမ်းခင်းလုပ်ငန်းတွင် လမ်းဖြတ်ပိုင်းလျာထားချက်ကို (၁) Sub-base Course ဖြုန်းလွှာ ၁၅ လက်မထု၊ (၂) Cement Stabilized Gravel Base Course ရှစ်လက်မထု၊ (၃) Prime Coat၊(၄) Wearing Course (AC) နှစ်လက်မထုတို့ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းပုံစံရရှိပြီးဖြစ်ကြောင်း၊ မြေကြီးလုပ်ငန်း ပထမလွှာခင်းခြင်း လုပ်ငန်းနှင့် ဒုတိယလွှာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ Cement Stabilized Gravel Base ရှစ်လက်မထုခင်းခြင်းလုပ်ငန်းကို ဧပြီ ၁ ရက်က စတင်ဆောင်ရွက်နေရာ ယခုအချိန်ထိ ပြီးစီးမှုမှာ ငါးမိုင်ခင်းပြီးဖြစ်ပါကြောင်း ရှင်းပြသည်။

**ကာကွယ်ပေးနိုင်**

လားရှိုးမြို့ရှောင်လမ်းမှာ မြေသားတာပေါင် အကျယ်ပေ ၄၀ ရှိပြီး ၂၈ ပေ အကျယ် နိုင်လွန်ကတ္တရာလမ်းဖြစ်သောကြောင့် မြို့ရှောင်လမ်းပြီးစီးပါက မန္တလေး-လားရှိုး-မူဆယ်သို့ သွားလာမောင်းနှင်ကြသည့် ကုန်တင်ကားကြီးများကို မြို့တွင်း၌ ဖြတ်သန်းမောင်းနှင်ခွင့် ပြုမည်မဟုတ်သဖြင့် မြို့တွင်းကားလမ်းပိတ်ဆို့ရှုပ်ထွေးမှုရှိတော့မည်မဟုတ်ဘဲ နှစ်စဉ်ရေကြီးမှုဘေးကိုလည်း အဆိုပါမြို့ရှောင်လမ်းက ကာကွယ်ပေးနိုင်မည်ဟု သိရသည်။

## ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

ထိုးဖောက်ဝင်ရောက်ပြသနိုင်ရန် အခွင့်အလမ်းမှာ အားကစားကဏ္ဍအနေဖြင့် အားကစားနည်းပေါင်းများစွာ ရှိခဲ့သော်လည်း နိုင်ငံ၏ အမျိုးသား အားကစားဖြစ်သည့် ဘောလုံး အားကစားနည်းသည် မြန်မာ အားကစားသမားများ ယှဉ်ပြိုင်ကြသည့် အားကစားပြိုင်ပွဲ အမျိုးအစား အားလုံးထဲတွင် မြန်မာပရိသတ် လူကြီး၊ လူလတ်၊ လူငယ် ကလေးအစ ကျား၊ မ မရွေး အထူးနှစ်ခြိုက်ပြီး စိတ်ပါဝင်စားမှု အရှိဆုံးသော အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံအလိုက် ယှဉ်ပြိုင်ကြရသည့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အောင်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် စိတ်ဓာတ်တက်ကြွစွာ အားပေးကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အခြားအားကစားနည်းများ၏ အောင်မြင်မှုကို ဘောလုံးအားကစားနည်း၏ အောင်မြင်မှုက လွှမ်းခြုံသွားနိုင်စွမ်းရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယနေ့အောင်မြင်မှုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက် ဘောလုံးအသင်း၏ အခြေအနေကို ပြန်ကြည့်လျှင် ယခုကဲ့သို့ အောင်မြင်မှုရရှိရန် မြန်မာ့လူငယ်ဘောလုံးအသင်းသည် လွန်ခဲ့သည့် တစ်နှစ်ခွဲလောက်ကတည်းက ကြိုတင်ပြင်ဆင်ခဲ့ကြပါကြောင်း၊ ဂျာမနီနည်းပြ မစ္စတာဂတ်ကို တာဝန်ပေးအပ်၍ အသင်းကို စိတ်ကြိုက်ဖွဲ့စည်းစေခဲ့ပါကြောင်း၊ အတွေ့အကြုံရအောင် MNL-2ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပါကြောင်း၊ နိုင်ငံတကာပွဲအတော်များများကိုလည်း သွားပြီး ကစားခဲ့ပါကြောင်း၊ ဂျာမနီနှင့် ချက်သမ္မတ နိုင်ငံများကိုလည်း တစ်လခန့်စေလွှတ်ပြီး ထိပ်တန်းနိုင်ငံများ၊ ကလပ်အသင်းများကို လူငယ်အသင်းများနှင့် ခြေစမ်းပွဲများ စေလွှတ်ကစားစေခဲ့ပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း ဂျပန်အသက် ၁၉ နှစ်အောက် အသင်းကို ဖိတ်ခေါ်ပြီး ခြေစမ်းပွဲ ကစားစေခဲ့ပါကြောင်း။

မြန်မာ့ဘောလုံးအဆင့်အတန်း မြင့်မားလာရန် တစ်ဖက်တစ်လမ်းက ငွေကုန်ကြေးကျခံပြီး ကူညီပံ့ပိုးပေးခဲ့သည့် MNL ကလပ်အသင်းများ၏ ကြိုးစားအားထုတ်မှုများကိုလည်း အသိအမှတ်ပြု ဂုဏ်ပြု မှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာယူ-၁၉အသင်းကို စတင် ဖွဲ့စည်းပြင်ဆင်ကတည်းက အကြံပြုလာခဲ့ကြသည့် မီဒီယာများနှင့် ဤအသင်းကို ပြိုင်ပွဲကာလတစ်လျှောက် တစ်ခဲနက် စဉ်ဆက်မပြတ်အားပေးလာခဲ့သည့် မြန်မာပြည်သူ ဘောလုံးပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ အောင်ပွဲရ မြန်မာလူငယ် ယူ-၁၉အသင်းကို အားပေးချီးမြှင့်မှုများ ပြုလုပ်ခဲ့ကြသည့် အလှူရှင်များကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသက် ၁၉နှစ်အောက် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအုပ်ချုပ်သူ ဦးစိုးဝင်းက မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ အခြေအနေနှင့် ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းပါဝင် ယှဉ်ပြိုင်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသက် ၁၉နှစ်အောက် ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ အတွက် ဂုဏ်ပြုဆု ငွေကျပ်သိန်းပေါင်း ၂၇၇၀ သိန်းကျော်ကို ပေးအပ်သည်။

အောင်ပွဲရ အသက် ၁၉ နှစ်အောက်မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို နိုင်ငံတစ်ဝန်းမှ စေတနာရှင် ၅၀ က ငွေကျပ်သိန်းပေါင်း ၂၇၇၄ သိန်းကို ထောက်ပံ့ဂုဏ်ပြုခဲ့ကြကြောင်း သိရှိရသည်။

ထို့နောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက် ၁၉နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ ကိုယ်စား အသင်းခေါင်းဆောင် နန္ဒကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် ၁၉နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ၊ နည်းပြနှင့် အသင်းအုပ်ချုပ်သူများ၊ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ရုပ်ရှင်၊ ဂီတမှ အနုပညာရှင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အဆိုအကများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခံရသည့် မြန်မာလူငယ် ယူ-၁၉ အသင်းသည် အုပ်စု(က)တွင် ပါဝင်ပြီး ထိုင်း၊ တီမော၊ လာအို၊ ဖိလစ်ပိုင်တို့အား အုပ်စုပွဲတွင် အနိုင်ရရှိကာ အုပ်စုပထမအဖြစ် ဆီမီးပွဲစဉ်တွင် မလေးရှားကို ဂိုးပြတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် တစ်ဦးချင်းဘောလုံး စွမ်းရည်ပြည့်ဝပြီး တိုက်စစ်ပိုင်းအားကောင်း၍ ခံစစ်ပိုင်း တောင့်တင်းခိုင်မာလှသည့် ဗီယက်နမ်အသင်းအား လေးဂိုး-သုံးဂိုးဖြင့် အနိုင်ကစား၍ ဘရူနိုင်းဘုရင့်ဖလားချန်ပီယံဆုကို မြန်မာ့မြေပေါ်သို့ ဂုဏ်ယူဖွယ် သယ်ဆောင်ပေးခဲ့သည့် အသင်းဖြစ်သည်။ **(သတင်းစဉ်)**



**၂၀၁၆ ခုနှစ် ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပစဉ်။** (သတင်းစဉ်)




**ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အောင်ပွဲရ မြန်မာ့ လက်ရွေးစင် အသက် ၁၉ နှစ် အောက် ဘောလုံး အသင်းမှ အားကစား သ မား များ အတွက် ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။** (သတင်းစဉ်)

# အာဆီယံယူ-၁၉ ပြိုင်ပွဲ ထိုင်းနှင့် ခြေစမ်းပွဲကို မြန်မာယူ-၁၉ အသင်း ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၂၉**

ဘရူနိုင်း ဘုရင့်ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာယူ-၁၉ အသင်းသည် အာရှယူ-၁၉ ပြိုင်ပွဲ မတိုင်မီ ပြည်ပခရီးစဉ်များ သွားရောက်ကစားကာ အတွေ့အကြုံများ ရယူဦးမည်ဖြစ်သည်။



**မြန်မာ ယူ -၁၉ လူငယ်ဘောလုံးသမားများ လေ့ကျင့်နေမှုကိုတွေ့ရစဉ်။**

မြန်မာယူ-၁၉ အသင်းသည် ဩဂုတ် ၃၀ ရက်တွင် အာရှ အားကစားပြိုင်ပွဲဝင်မည့် ထိုင်းယူ-၂၃ အသင်းနှင့် ဖူးခက်တွင် ခြေစမ်းကစားမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တွင်ကျင်းပမည့် အာဆီယံယူ-၁၉ ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(က)တွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ဂျပန်၊ ဩစတြေးလျနှင့် အိမ်ရှင် ဗီယက်နမ်တို့ ပါဝင်နေသည်။ မြန်မာအသင်းမှာ ဖူးခက်တွင် သုံးရက်ကြာ လေ့ကျင့်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဗီယက်နမ်သို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးဝင်း၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးညီညီလတ်၊ ဂိုးနည်းပြ ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား-** မျိုးမင်းလတ်၊ ထက်လင်းဦး၊ **နောက်တန်း-** ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ နိုင်လင်းထွန်း၊ နန္ဒကျော်၊ သီဟထက်အောင်၊ **အလယ်တန်း-** ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ စွမ်းထက်အောင်၊ ချစ်လှအောင်၊ မျိုးကိုထွန်း၊ ရန်လင်းအောင်၊ ရန်နိုင်ဦး၊ ရွှေဝင်းထွန်း၊ မောင်မောင်စိုး၊ **ရှေ့တန်း-**အောင်သူ သန်းပိုင်၊ ရှိုင်းသူရနှင့် မောင်မောင်လွင်တို့ပါဝင်ကြသည်။ မြန်မာယူ-၁၉ အသင်းမှာ ဩဂုတ် ၃၀ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ထိုင်းသို့ ထွက်ခွာမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များရင်းနှီးစွာဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှု အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Li Qilei ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တွေ့ဆုံသည်။

**နှစ်ဖက်ပူးပေါင်းဆောင်ရွက်**

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံမှ ဆန်၊ ပြောင်း တင်ပို့ရာတွင် ပိုးမွှားကင်းစင်ရေးနှင့် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။**

❒ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E.Mr. Alexey V.Ulyukaev တို့က လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဒုတိယသမ္မတနှင့်အတူ အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ လေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတင်းအချက်အလက်၊ နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် အခြားကဏ္ဍများအား ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

※ *ကျောဖုံးမှ*

လုပ်ငန်းအဆင့်ဆင့်အား အချိန်ယူဆောင်ရွက်ရသည်ဖြစ်၍ ပင်မသန်းခေါင်စာရင်းအချက်အလက်များအား ၂၀၁၇ ခုနှစ် မေလခန့်တွင် ထုတ်ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပင်မသန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များမထုတ်ပြန်မီ နိုင်ငံတော်၏စီမံကိန်းများနှင့်မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ ဌာနဆိုင်ရာများ၏ လိုအပ်ချက်အားလည်းကောင်း၊ အထိုက်အလျောက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွှေ့ပြောင်းလူဦးရေစာရင်းကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

ရွှေ့ပြောင်းလူဦးရေစာရင်းသည် စာရင်းကောက်များမှ မေးမြန်းကောက်ယူ ဖြည့်သွင်းထားသော နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ ကောက်ကွက်အလိုက် အိမ်ထောင်စုလူဦးရေ၊ ကျား/မ အရေအတွက် စသည်တို့ကို ဖော်ပြထားသော ကောက်ကွက်တစ်ခုချင်းစီ၏ စာရင်းချုပ် မှတွက်ချက်ထားခြင်းဖြစ်ပါသည်။

သို့ပါ၍ ကောက်ကွက်တစ်ခုချင်း၏ လက်ပေါင်းဇယားစာရင်းချုပ်မှ ကနဦးအဆင့်ရရှိထားသည့် ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညသန်းခေါင်ယံအချိန်၌ရှိနေကြသော (ပြည်ပရှိ မြန်မာသံရုံးများမှ ဝန်ထမ်းများအပါအဝင်) မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၁၄၁၉၄၂၀ ဦးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရွှေ့ပြောင်းလူဦးရေဆိုင်ရာ အသေးစိတ်အချက်အလက်များကို ၃၀-၈-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ထပ်ဆင့်ရှင်းလင်းသွားမည်ဖြစ်ပါသည်။

**ဗဟိုသန်းခေါင်စာရင်းကော်မရှင်**

# မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်အောင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအဆင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပဋိညာဉ်စာချုပ်များ အသက်ဝင်စေရေး (Ease of Doing Business, Enforcing Contracts in Myanmar) နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပခဲ့ရာ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ နာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနမှ Mr.Jun-Sik Lee နှင့် တရားရေးဆိုင်ရာကျွမ်းကျင်သူများတက်ရောက်ခဲ့ကြသည်။



အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် (၇) ရပ်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အရေးကြီးသော မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာစာချုပ်များ အသက်ဝင်ခြင်းနှင့် စွမ်းရည်မြှင့်တင်နိုင်ရေးတို့အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အစိုးရသစ်တာဝန်ယူပြီးချိန်မှစ၍ ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍပေါင်းစုံ၌ ဆောင်ရွက်လျက်ရှိရာ ဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်း ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်ရေးဆွဲလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများ တိုးတက်ကောင်းမွန်လာသည်နှင့် အမျှ အာရှနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မှာဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စေမည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏ အကြံပြုချက်များအရ လက်ရှိအခြေအနေများကို ပိုမိုတိုးတက်အောင် ဖြေလျှော့ဆောင်ရွက်ပေးရမည့် နည်းလမ်းများ၊ ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေမည့်ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများကိုပြင်ဆင်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများ ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေသည့်အနေအထားသို့ ရောက်ရှိအောင် စာချုပ်များ အသက်ဝင်ခြင်းကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤသို့ စာချုပ်များအသက်ဝင်ခြင်းကြောင့် တရားမဝင် ဆောင်ရွက်မှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ငွေကြေးအထောက်အပံ့များ ပိုမိုဖြစ်ပေါ်လာပြီး ကုန်သွယ်မှုတိုးမြှင့်လာနိုင်သည်နှင့်အမျှ ပုဂ္ဂလိကကဏ္ဍသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက စာတမ်းငါးစောင်ကို ဆွေးနွေးတင်ပြကြရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည့်အပေါ် စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးစပါး ထွန်တုံးပိတ်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်၏ ၂၀၁၆-၂၀၁၇ မိုးစပါးထွန်တုံးပိတ်ပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက ခရမ်းကိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၂၃) တောင်သူဦးအောင်မြင့်၏ လယ်သုံးဧက၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်(လယ်ဝေးမြို့နယ်တာဝန်ခံ) ဦးမြင့်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထွန်တုံးပိတ်ပွဲတွင် နေပြည်တော်ကောင်စီဝင် (လယ်ဝေးမြို့နယ်တာဝန်ခံ)က တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်၊ ရေကြီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ကြိုတင်စီမံ ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး စပါးစိုက်ခင်းများ အထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးရေမှုအစ သွင်းအားစုများ ထည့်သွင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးတွက်ခြေကိုက်မှုရှိသော မျိုးများပြောင်းလဲအသုံးပြုရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ လုပ်ဆောင်သင့်ကြောင်း ပြောကြားခဲ့သည်။

လယ်ဝေးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ဧက ၆၀၅၀၀ လျာထားခဲ့ရာ စိုက်ပျိုးရာသီအပြီးတွင် ၆၀၇၂၀ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။**(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေ(မူကြမ်း) စကားဝိုင်းဆွေးနွေးပွဲ ကောက်နုတ်ချက်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် Education Talk အစီအစဉ်တွင် ဦးမျိုးမြတ်သူနှင့် ရန်ကုန်တက္ကသိုလ်ဥပဒေဌာနမှ အငြိမ်းစားပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်ချစ်ချစ်၊ ဆရာကြီးဒေါက်တာခင်မောင်ညိုတို့ အမျိုးသားပညာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်များကို ပြန်လည်ကောက်နုတ်တင်ပြလိုက်ပါသည်။

**အမျိုးသားပညာရေးဥပဒေဆိုသည်မှာ**

ပညာရေးဆိုသည်မှာ လူတစ်စုတစ်ဖွဲ့တည်းနှင့် သက်ဆိုင်သော ကိစ္စမဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှုများတွင် အဓိကကျသည့်ကဏ္ဍဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေရေးဆွဲရန်လိုအပ်လာသဖြင့် ဤလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားပညာရေးဥပဒေ၏ အနေအထားမှာ အားလုံးကိုခြုံငုံပြီး မူဝါဒတစ်ရပ် ချမှတ်အကောင်အထည်ဖော်သည့်အခါ ရှေ့ဆောင်လမ်းပြဖြစ်သွားရန်ဆိုသည့် Mother Law ဖြစ်ကြောင်း သိရှိရပါသည်။

**အမျိုးသားပညာရေးဥပဒေတွင် ပြင်ဆင်မှုများ**

အမျိုးသားပညာရေးဥပဒေသည် ရေရှည်တည်တံ့ခိုင်မြဲသည့်ဥပဒေဖြစ်ရန် လိုအပ်ပြီး နိုင်ငံတော်သမ္မတကြီးကလည်း လက်တွေ့ကျသည့် အကောင်အထည်ဖော်မှုကို ဆောင်ရွက်ရမည်ဟု လမ်းညွှန်ထားသည့်အတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစပြီး အဖွဲ့ငယ်များဖွဲ့ပြီး ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပညာရေးနှင့်ပတ်သက်ပြီး လက်တွေ့ကျသည့် မြှင့်တင်မှုလုပ်ရန်အတွက် ရည်ရွယ်၍ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီတွင် Task Force ဟုခေါ်သော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ Advisory Board ခေါ်သည့် အကြံပေးပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ အငြိမ်းစားယူသွားသည့် ပညာရှင်များ၊ ပြင်ပပညာရှင်များ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကို အပြုသဘောဖြင့် ကောင်းကျိုးဆန္ဒရှိပြီး ပါဝင်ချင်သူများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို Task Force နှင့် Advisory Board များအောက်တွင် ဆက်လက်ပြီး လုပ်ကိုင်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Working Group (၁၈)ခုကို ဖွဲ့စည်းထားပါသည်။ ထို့နောက် အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲခဲ့ပြီး မတ်လ ၁၆ ရက်နေ့မှစပြီး နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူလေ့လာနိုင်ရန် ထုတ်ပြန်ပေးခဲ့ပါသည်။

**အမျိုးသားပညာရေးဥပဒေ(မူကြမ်း)နှင့် ပတ်သက်ပြီး အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု**

သတင်းစာထဲတွင် ပါလာသည်အထိ ယင်းအဖွဲ့က အပြင်းအထန်ကြိုးပမ်းခဲ့ရသော ကာလမှာ (၆) လခန့်ရှိခဲ့ပါသည်။ ပထမဦးဆုံးအနေဖြင့် အဖွဲ့(၁၈)ဖွဲ့က ဥပဒေထဲတွင် ထည့်ပေးရန်လိုအပ်သည်များကို အကြံပြုခဲ့ကြပါသည်။

တစ်နိုင်ငံလုံး၏ ပညာရေးစနစ်မြှင့်တင်ရန်အတွက် မည်သည့်ကဏ္ဍများအလေးထားရမည်ကို အရင်ဆုံးပိုင်းခြားခဲ့ပါသည်။ ထို့နောက် ဥပဒေပြုစုသည့်အဖွဲ့က နံပါတ်(၁) မူဝါဒပိုင်းမှစပြီး စုဆောင်းခဲ့ပါသည်။ မူဝါဒနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်ဆရာများ၊ ကျောင်းသားများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် (၈)ကြိမ်ခန့် ခေါ်ယူဆွေးနွေးခဲ့ပါသည်။ နိုင်ငံရေးပါတီများကိုလည်း ဖိတ်ကြားဆွေးနွေးပြီးမှ ရေးဆွဲထားခြင်းဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ရေးဆွဲသည့်အဖွဲ့တွင် ပါဝင်သောအဖွဲ့အလိုက် အဖွဲ့တိုင်းကို အကြံပေးနိုင်ရန် အဖွဲ့ခေါင်းဆောင်တိုင်းကို ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ၊ ဂျီမေးလ်လိပ်စာ၊ အီးမေးလ်လိပ်စာများဖြန့်ဝေထားခဲ့ပါသည်။ ရန်ကုန်တွင်ဆွေးနွေးမှုများလုပ်သကဲ့သို့ အောက်မြန်မာပြည်၊ အထက်မြန်မာပြည်တို့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက်ခွဲပြီး ဥပဒေဆွေးနွေးချက်များ လုပ်ခဲ့ပါသည်။ ယင်းတို့ကို ပေါင်းစပ်ပြီး အခြေကျလာသည့်အခါ နေပြည်တော်တွင် နောက်ဆုံးဖိုရမ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများပါဝင်၍နှစ်ရက်ကျင်းပခဲ့ပါသည်။ ဖိုရမ်နှစ်ရက်ကျင်းပ၍ နောက်ဆုံးရရှိလာသည်များကို ပြန်ပြင်ဆင်ပြီး အချက်အလက်များ ပြုစုခဲ့ကြခြင်းဖြစ်ပါသည်။

**အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ပေါ်အမြင်**

ပြည်သူများအနေဖြင့် မည်သည့်ပညာရေးစနစ်မျိုး ဖြစ်ချင်သည်ကို အခြေခံရသကဲ့သို့ တစ်ဖက်ဥပဒေပညာပိုင်းတွင်လည်း ကမ္ဘာ့နိုင်ငံများ၏ အမျိုးသားပညာရေးဥပဒေကို မည်သို့ရေးသည်ကို နှိုင်းယှဉ်လေ့လာမှုများ လုပ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၌ တစ်နိုင်ငံလုံးကိုလွှမ်းခြုံသည့် အမျိုးသားပညာရေးဥပဒေမှာ မြန်မာနိုင်ငံတွင် ယခင်က မရှိခဲ့ပါ။ တက္ကသိုလ်ပညာရေးဥပဒေ၊ အခြေခံပညာရေးဥပဒေသာ ရှိခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးပေါ်ထွက်လာမည့် အမျိုးသားပညာရေးဥပဒေသည် နိုင်ငံတကာအဆင့်လည်းမီမည့်၊ ပြည်သူများ၏ ဆန္ဒနှင့်လည်းကိုက်ညီနိုင်မည့် ဥပဒေမျိုးဖြစ်အောင် နှိုင်းယှဉ်လေ့လာပြီး ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ယခုပညာရေးဥပဒေသည် ကျောင်းသားများကို နိုင်ငံရေးတွင်မပါဝင်အောင်၊ ကျောင်းသားသမဂ္ဂအဖွဲ့အစည်းများ ဖွဲ့စည်း၍မရအောင် ဥပဒေဖြင့်ချုပ်ကိုင်မည်ဟု ထင်မြင်နေကြသူများလည်း ရှိပါသည်။ ယခုခေတ်တွင်လည်း ကျောင်းသားအဖွဲ့အစည်းများ ရှိရပါမည်။ သို့သော် ကျောင်းသားအဖွဲ့အစည်းများသည် ပညာရေးဆိုင်ရာနိုင်ငံရေးကို ဆွေးနွေးခွင့်ရှိသော်လည်း၊ နိုင်ငံရေးကိစ္စများကို လုပ်ဆောင်ခွင့်ရှိသော်လည်း ပါတီအနိုင်ရရှိရေးအတွက် ကျောင်းသားများကို လာရောက်စည်းရုံးခွင့်ကို ပေးရန်မသင့်တော်သည်ကို အခြားနိုင်ငံတက္ကသိုလ်များ၏ ဥပဒေများအရ တွေ့ရပါသည်။

ဥပဒေကိုစရေးကတည်းက တက္ကသိုလ်ဆိုလျှင် လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ပေးမည်၊ လုပ်ပိုင်ခွင့်ကာလကို (၅)နှစ်ပေးမည်၊ ဖြည်းဖြည်းချင်းသွားမည်၊ တက္ကသိုလ်သည် ဖွံ့ဖြိုးတိုးတက်မှုရအောင် ပညာရေးလွတ်လပ်ခွင့် ပထမဦးဆုံးပေးမည် ဆိုသည့် စေတနာဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

ဥပဒေကိုရေးဆွဲရာတွင် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားပါသည်။ ပညာရေးကို (၃)ပိုင်း ပိုင်းထားပါသည်။ အခြေခံ၊ အဆင့်မြင့်၊ Technical နှင့် Vocational ဖြစ်ပါသည်။

**အမျိုးသားပညာရေးဥပဒေပေါ်ပေါက်လာခြင်း၏ အကျိုးကျေးဇူးများ**

ဤဥပဒေထွက်လာပြီးနောက်တွင် အသေးစိတ် အကောင်အထည်ဖော်ရန်အတွက် Sector Law များကို ထပ်ပြီးပြဋ္ဌာန်းရန် လိုပါသည်။ အဆင့်မြင့်ပညာရေးဥပဒေဆိုလျှင်လည်း တက္ကသိုလ်၊ ကောလိပ်အားလုံးနှင့် သက်ဆိုင်သည့် ဥပဒေဖြစ်ပါမည်။ အဆင့်မြင့်ပညာရေးဥပဒေအရ သက်ဆိုင်ရာတက္ကသိုလ်များကို University Chater များ သီးခြားရေးဆွဲခွင့်ရလာမည်ဖြစ်ပါသည်။ သီးခြားတက္ကသိုလ်အလိုက် ရေးသားပြီး ဆောင်ရွက်ပိုင်ခွင့်များပေးသွားမည်ဖြစ်ပါသည်။

ထို့အပြင် အရည်အသွေးထိန်းသိမ်းမှုနှင့် ပတ်သက်ပြီး အာဆီယံနိုင်ငံများနှင့် ဆက်သွယ်ပြီး အဆင့်အတန်းမီအောင် တတ်နိုင်သရွေ့ဖွံ့ဖြိုးအောင်ရည်ရွယ်ဆောင်ရွက်ထားပါသည်။ ထို့ကြောင့် ပညာရေးစနစ်သည် ယခုထက်စာလျှင် အများကြီးပွင့်လင်းမြင်သာပြီး လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်များ အများကြီးပေးသွားမည်ဖြစ်ပါသည်။ ပညာရေးလောကမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအားလုံးပိုပြီး ကျေနပ်နှစ်သက်မှုရှိလာမည်ဟု မျှော်လင့်ပါသည်။

**အနာဂတ်တက္ကသိုလ်များ**

ပုဂ္ဂလိကတက္ကသိုလ်များနှင့် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသော တက္ကသိုလ်များရှိလာပါမည်။ နိုင်ငံတကာကဲ့သို့ ဖြစ်လာကြပါမည်။ ၎င်းတို့ကို ပေါင်းစပ်ညှိနှိုင်းပေးမည့် ကော်မတီအမည်ကို စဉ်းစားဆဲဖြစ်ပါသည်။

**နိဂုံးစကား**

ခေတ်တစ်ခေတ် အပြောင်းတွင်မရှိဖူးသေးသည့် အမျိုးသားပညာရေးဆိုပြီး လွှမ်းခြုံသည့် ဥပဒေတစ်ခုပေါ်ထွက်လာမည်ကို မျှော်လင့်စောင့်စားပြီး ယုံကြည်ပေးရန်လိုအပ်ပါသည်။ လွတ်လပ်ခွင့်နှင့်အားလုံးပါဝင်နိုင်ခွင့်များကို ဤဥပဒေတွင် ထည့်ရေးထားပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေပေါ်ထွက်လာရန် အားလုံးက ကြိုဆိုလက်ခံသင့်ပါကြောင်း တင်ပြအပ်ပါသည်။

# ကျန်းမာရေးဝန်ကြီးဌာနမှ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုပေးလျက်ရှိသော လူနာ၏ ဓာတ်ခွဲနမူနာအား ရောဂါအတည်ပြုစစ်ဆေးနိုင်ရန်အတွက် ဩဂုတ် ၂၉ ရက်တွင် ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပို့ဆောင်ပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာနမှ ကူးစက်မြန် အီဘိုလာရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော သံသယလူနာအားပြင်း ထန်ငှက်ဖျားရောဂါ (Severe and Complicated Malaria with Mixed Infection of Plasmodium falciparum and Plasmodium vivax) အဖြစ်သတ်မှတ်၍ အထူးကုဆရာဝန်ကြီးများမှ ကြီးကြပ်ကုသပေးလျက်ရှိရာ ကျန်းမာရေးအခြေအနေ သိသာစွာကောင်းမွန်လာကြောင်း တွေ့ရှိရပြီး၊ လူနာနှင့် အနီးကပ်ထိတွေ့သူလေးဦး၏ ကျန်းမာရေးအခြေအနေမှာ လုံးဝကောင်းမွန်လျက်ရှိပါသည်။

အဆိုပါလူနာနှင့် အနီးကပ်ထိတွေ့သူလေးဦး စုစုပေါင်း ငါးဦး၏ ဓာတ်ခွဲနမူနာများကို အီဘိုလာရောဂါပိုးရှိ-မရှိ စစ်ဆေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ IATA တို့နှင့် ညှိနှိုင်း၍ ဩဂုတ် ၂၉ ရက်တွင် ဥရောပတိုက်ရှိ ညွှန်းပို့ဓာတ်ခွဲခန်းသို့ ပေးပို့ထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# သာကေတ၌ အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၃)ရပ်ကွက် ခိုင်ရွှေဝါလမ်းမပေါ်တွင် ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ဦးမြင့်အောင်(ခ)ကိုလေး၊ သာကေတမြို့နယ် ၁/ထူပါရပ်ကွက်နေသူပါ ရှစ်ဦးခန့်နှင့် သာကေတမြို့နယ် ၁၀/တောင်၊ (၁၄) ရပ်ကွက်နေ နေမျိုးအောင်ပါ ၁၀ ဦးခန့်တို့ တုတ်၊ ဓားများကိုင်ဆောင်၍ အုပ်စုဖွဲ့ကာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ခဲများနှင့်ပစ်ကာ ခိုက်ရန်ဖြစ်ပွားနေကြောင်း သတင်းအရ သာကေတမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဦးမြင့်အောင်(ခ)ကိုလေး (၅၅ နှစ်)အား အရိုး အသွား ခြောက်လက်မခန့်ရှိ ဓားဦးချွန်ခေါက်ဓားတစ်ချောင်း၊ ပြောက်အိုးတစ်ခုတို့နှင့် အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မင်္ဂလာတောင်ညွန့် မမစ(ပ) ၅၂၇/၁၄၊ လက်နက်ဥပဒေပုဒ်မ ၁၉ (ဂ) အရ အရေးယူခဲ့သည်။ ထို့အပြင် ၎င်းသည် အခင်းဖြစ်စဉ်၌ ပြောက်အိုးနှစ်ချက်ပစ်ဖောက်ခဲ့သဖြင့် သာကေတနယ်မြေရဲစခန်း (ပ)၅၀၇/၁၄ ပြစ်မှုပုဒ်မ ၂၈၆ အရလည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပျက်ပြားစေရေးဖြစ်ပေါ်စေသည့် ပြစ်မှုကို ကျူးလွန်လေ့ရှိပြီး ဆိုးသွမ်းရမ်းကားသူတစ်ဦးဖြစ်သဖြင့် သာကေတမြို့မရဲစခန်း(ပ) ၄၁၄/၂၀၁၄၊ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေပုဒ်မ ၅(၁)(စ)(ဆ) အရလည်းကောင်း အရေးယူထားရှိကြောင်း သိရသည်။ အလားတူ တစ်ဖက်အဖွဲ့ကို ဦးဆောင်ခဲ့သူ နေမျိုးအောင်(၃၇ နှစ်)ကိုလည်း သာကေတနယ်မြေရဲစခန်း (ပ)၅၀၆/၁၄၊ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပုဒ်မ ၅(၁)(စ)(ဆ)တို့ဖြင့် အမှုဖွင့်ဖမ်းဆီးပြီး စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဦးမြင့်အောင်(ခ)ကိုလေး၏ 9C-8075 ငွေမင်ရောင် နစ်ဆန်းစီထရစ်ယာဉ်မှာ ရှေ့လေကာမှန်ကွဲသွားခဲ့ကာ အနီးရှိ ရပ်ကြည့်နေသူ နေလင်းအောင်တွင် ဦးခေါင်းခဲထိမှန်ပြီး ဖူးရောင်ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ပြင်ပလူနာ(မစိုးရိမ်ရ)အဖြစ် ကုသထားရကြောင်း သိရသည်။ **(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့တွင် ၆ ဒသမ ၈၉ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၀၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၆၈ လက်မနှင့် ဖျာပုံမြို့တွင် ၂ ဒသမ ၀၅ လက်မတို့ ဖြစ်ကြသည်။

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၂၉**

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဩဂုတ် ၂၈ ရက် ည ၈ နာရီခွဲအချိန်မှစ၍စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆ စင်တီမီတာ(၂ လက်မခွဲခန့်) ကျော်လွန်နေပါသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(မိုး/ဇလ)**



လေးမျက်နှာမြို့နယ် လက်သမားမြန်မာကျေးရွာတွင် နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၂၅ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးနေဝင်းနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးတို့က လိုက်လံကြည့်ရှုစဉ်။

(မြို့နယ်လဝက)

# ချန်ပီယံလိဂ်အုပ်စုများခွဲ မန်စီးတီးနှင့် ဘိုင်ယန်မြူးနစ်တွေ့ဆုံ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် (၃၂) သင်း အုပ်စုများကို ဩဂုတ် ၂၈ရက်က မိုနာကိုမြို့၌ မဲခွဲခဲ့ရာ အုပ်စု(က)တွင် အက်သလက်တီကို၊ ဂျူဗင်တပ်စ်၊ အိုလံပီယာကို့စ်၊ မယ်လ်မို၊ အုပ်စု (ခ)၌ ရီးရဲမက်ဒရစ်၊ ဘေဆယ်၊ လီဗာပူး၊ လူဒိုကိုရက်စ်၊ အုပ်စု(ဂ)တွင် ဘင်ဖီကာ၊ ဇင်းနစ်၊ လေဗာကူဆင်၊ မိုနာကို၊ အုပ်စု(ဃ)၌ အာဆင်နယ်၊ ဒေါ့မွန်၊ ဂါလာတာစာရေး၊ အန်ဒါလက်ခ်ျ၊ အုပ်စု (င)တွင် ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ CSKA မော်စကို၊ ရိုးမား၊ အုပ်စု (စ)၌ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ အိုင်းယက်စ်၊ အေပိုးလ်၊ အုပ်စု(ဆ)တွင် ချယ်လ်ဆီး၊ ရှော်လ်ကေး၊ စပို့တင်းလစ္စဘွန်း၊ မာရီဘော၊ အုပ်စု(ဇ)၌ ပေါ်တို၊ ရှက်တာဒိုးနက်၊ ဘီလ်ဘာအို၊ BATE ဘိုရီဆော့တို့ဖြင့် အုပ်စုစာရင်းများထွက်ပေါ်လာခဲ့ပါသည်။

**သီဟ**



# ဘဏ္ဍာရေးဝန်ကြီးဌာန လေးလပတ်အစည်းအဝေး (၁/၂၀၁၄) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၁၄ ခုနှစ် လေးလပတ်အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄)ကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် **(ယာပုံ)**က ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဟန်ချက်ညီညီ လိုက်ပါပြောင်းလဲနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာမူဝါဒများကို ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း။



ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် Quick Win ရရှိအောင် ဆောင်ရွက်သကဲ့သို့ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း စနစ်တကျစီမံဆောင်ရွက်သွားရန် လိုကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဆက်စပ်သည့် ဝန်ကြီးဌာနများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမှသာ လျင်မြန်စွာအောင်မြင်နိုင်မည် ဖြစ်ကြောင်း။

ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရသည့် ဌာနဖြစ်သည့်အပြင် ငွေကြေးကိုင်တွယ်ဆောင်ရွက်ရသည့် ဌာနလည်းဖြစ်သဖြင့် မှန်ကန်မြန်ဆန်စွာ ဝန်ဆောင်မှုပေးရန် လိုအပ်သကဲ့သို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့်လည်း ကိုက်ညီရန် လိုပါကြောင်း၊ ပြည်သူလူထုအား မိမိတို့ဝန်ကြီးဌာနဆိုင်ရာ ဆောင်ရွက်မှုများကိုသိရှိစေရန် ထုတ်ပြန်ကြေညာအသိပေးခြင်းများ ပိုမိုလုပ်ဆောင်ရေး စသည်တို့ကို အသေးစိတ်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာလင်းအောင်နှင့် ဒေါက်တာမောင်မောင်သိမ်းတို့က ဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များအား ရှင်းလင်းမှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနအကြီးအကဲများက မိမိတို့ဌာနအလိုက် အစိုးရသက်တမ်းသုံးနှစ်ကျော်ကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ညှိနှိုင်းပေါင်းစပ်ပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# နိုင်ငံသားစိစစ်ရေးကတ်ပြား သီပေါ၌ပေးအပ်

**သီပေါ ဩဂုတ် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက် နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (လားရှိုး) တွဲဖက်ပြည်နယ် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က မြန်မာနိုင်ငံသားဖြစ်မှုဆိုင်ရာများကို အကျဉ်းချုပ်ရှင်းလင်းပြီး ပြည်သူလူထု သက်သာမှုရှိစေရန် အလှူရှင်က လှူဒါန်းပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ သီပေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်မှု ကုန်ကျစရိတ်ငွေ အလှူရှင် ဦးစိန်မျိုးအောင် (ငွေရည်ပုလဲကုမ္ပဏီ)က အထက(၂) ကျောင်းအုပ်ကြီးနှင့် အလက(၂)ထခွဲ ကျောင်းအုပ်ဆရာမကြီးတို့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အထက(၂) ကျောင်းအုပ်ကြီး ဦးလူထွန်းနှင့် အလက(၂) ထခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်းတို့ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# သွေးလွန်တုပ်ကွေး မဖြစ်ပွားရေးဆောင်ရွက်

**နောင်ချို ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် စည်ပင်သာယာရေးဌာနဝန်ထမ်းများသည် ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက နောင်ချိုမြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်း ဆယ်ယူခြင်း၊ ခြင်၊ ယင်မပေါက်ပွားစေရန် ခြင်ဆေးဖျန်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းစသည့် မိုးရာသီတုပ်ကွေးရောဂါမဖြစ်ပွားစေရေး သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**




ကြော်ငြာ

# Myanma Posts & Telecommunications

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ SIM ကတ်များကို နိုင်ငံတစ်ဝန်းရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာလ (၁)ရက်နေ့မှ စတင်၍ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိဘပြည်သူများအား SIM ကတ်များ ပိုမိုလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တန်ဖိုးနည်း SIM ကတ်များကို နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာလ (၁)ရက်နေ့မှ စတင်၍ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချပေးမည်ဖြစ်ပါသည်။ SIM ကတ်များကို လစဉ်လတိုင်း ဝယ်ယူရရှိနိုင်ရေးနှင့် နိုင်ငံအနှံ့ရှိ မြို့များနှင့် မြို့နယ်တိုင်းတွင် ရရှိနိုင်ရေး ဆက်လက် စီစဉ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။**

| ပြည်နယ်/တိုင်း | မြို့နယ်များ |
|---|---|
| နေပြည်တော် | ဒက္ခိဏသီရိ၊ လယ်ဝေး၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဇမ္ဗူသီရိ၊ ဇေယျာသီရိ |
| ကချင် | မြစ်ကြီးနား၊ ဗန်းမော်၊ ဖားကန့်၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ တနိုင်း |
| ကယား | လွိုင်ကော် |
| ကရင် | ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ |
| ချင်း | ဟားခါး၊ ဖလမ်း၊ မင်းတပ်၊ တီးတိန် |
| စစ်ကိုင်း | မုံရွာ၊ ဘုတလင်၊ ခန္တီး၊ ဟုမ္မလင်း၊ အင်းတော်၊ ကလေး၊ ကလေးဝ၊ ကန့်ဘလူ၊ ကောလင်း၊ မော်လိုက်၊ မြင်းမူ၊ ပုလဲ၊ စစ်ကိုင်း၊ ဝန်းသို |
| တနင်္သာရီ | ထားဝယ်၊ ဘုတ်ပြင်း၊ ကော့သောင်း၊ ကျွန်းစု၊ လောင်းလုံ၊ မြိတ်၊ ပုလော၊ ရေဖြူ |
| ပဲခူး | ပဲခူး၊ ပြည်၊ ဒိုက်ဦး၊ ကဝ၊ ကျောက်ကြီး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ အုတ်တွင်း၊ ဖြူး၊ ရွှေကျင်၊ ထန်းတပင်၊ တောင်ငူ၊ သနပ်ပင်၊ ဝေါ၊ ရေတာရှည်၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ နတ်တလင်း၊ အုတ်ဖို၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ရွှေတောင်၊ သာယာဝတီ၊ သဲကုန်း၊ ဇီးကုန်း |
| မကွေး | မကွေး၊ အောင်လံ၊ ချောက်၊ ဂန့်ဂေါ၊ ကံမ၊ မင်းဘူး၊ မင်းတုန်း၊ မင်းလှ၊ မြိုင်၊ မြို့သစ်၊ နတ်မောက်၊ ငဖဲ၊ ပခုက္ကူ၊ ပေါက်၊ ပွင့်ဖြူ၊ စလင်း၊ ဆော၊ ဆိပ်ဖြူ၊ စေတုတ္တရာ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ သရက်၊ ထီးလင်း၊ ရေနံချောင်း၊ ရေစကြို |
| မန္တလေး | အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ မိုးကုတ်၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ စဉ့်ကူး၊ အမရပူရ၊ ချမ်းမြသာစည်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ပြည်ကြီးတံခွန်၊ စဉ့်ကိုင်၊ တံတားဦး၊ သာစည် |

| ပြည်နယ်/တိုင်း | မြို့နယ်များ |
|---|---|
| မွန် | မော်လမြိုင်၊ ဘီးလင်း၊ ချောင်းဆုံ၊ ကျိုက်မရော၊ ကျိုက်ထို၊ မုဒုံ၊ ပေါင်၊ သံဖြူဇရပ်၊ သထုံ၊ ရေး |
| ရခိုင် | စစ်တွေ၊ အမ်း၊ ဘူးသီးတောင်၊ ဂွ၊ ကျောက်ဖြူ၊ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မာန်အောင်၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ၊ ရသေ့တောင်၊ သံတွဲ၊ တောင်ကုတ် |
| ရန်ကုန် | ဗိုလ်တထောင်၊ ဒဂုံမြို့သစ်၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ ပုဇွန်တောင်၊ တောင်ဥက္ကလာပ၊ တာမွေ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ ရန်ကင်း၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ အလုံ၊ ဗဟန်း၊ ကိုကိုးကျွန်း၊ ဒဂုံ၊ ဒလ၊ လှိုင်၊ ကမာရွတ်၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တံတား၊ ကျောက်တန်း၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ ဆိပ်ကြီးခနောင်တို၊ ဆိပ်ကမ်း၊ သန်လျင်၊ သုံးခွ |
| ရှမ်း | တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းတုံ၊ တာချီလိတ်၊ သိန္နီ၊ ကွတ်ခိုင်၊ လောက်ကိုင်၊ မဘိမ်း၊ မန်တုံ၊ မိုးမိတ်၊ မိုးညှင်း၊ မူဆယ်၊ နမ့်ခမ်း၊ နောင်ချို၊ ကလော၊ ကွန်ဟိန်း၊ လဲချား၊ လင်းခေး၊ ရပ်စောက်၊ လွိုင်လင်၊ မိုင်းရှူး၊ မိုးနဲ၊ နမ့်စန်၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်းတယ၊ ပင်လောင်း၊ ရွာငံ |
| ဧရာဝတီ | ပုသိမ်၊ ဘိုကလေး၊ ဓနုဖြူ၊ ဒေးဒရဲ၊ အိမ်မဲ၊ ဟင်္သာတ၊ အင်္ဂပူ၊ ကန်ကြီးထောင့်၊ ကျိုက်လတ်၊ ကြံခင်း၊ ကျောင်းကုန်း၊ ကျုံပျော်၊ လပွတ္တာ၊ လေးမျက်နှာ၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြန်အောင်၊ မြောင်းမြ၊ ငပုတော၊ ညောင်တုန်း၊ ပန်းတနော်၊ ဖျာပုံ၊ သာပေါင်း၊ ဝါးခယ်မ၊ ရေကြည်၊ ဇလွန် |

**အသေးစိတ်သိလိုပါက ဖုန်းနံပါတ် "၁၀၆" သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# သင်ရိုးညွှန်းတမ်းမှသည် အရည်အသွေးရှိပညာရေးသို့

(အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာလုပ်ငန်းအဖွဲ့)

ပညာရေးသည် နိုင်ငံတစ်နိုင်ငံနှင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် သော့ချက်ဖြစ်သည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်မှာလည်း ပညာရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးသည် ပြောင်းလဲနေသည့် ခေတ်ကာလလိုအင်၊ တိုင်းပြည်လိုအင်၊ ကျောင်းသား ကျောင်းသူတို့၏ လိုအင်များကို ဖြည့်ဆည်းပေးသည်နှင့်အမျှ အရည်အသွေးရှိပညာရေး ဖြစ်ထွန်းလာမည်။

အရည်အသွေးရှိပညာရေး၏ စံများကိုတိုင်းတာသည့်အချက်များတွင် သင်ရိုးညွှန်းတမ်း (Curriculum)သည် တစ်ချက်အပါအဝင်ဖြစ်သည်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေမူကြမ်းအခန်း(၁)တွင် သင်ရိုးညွှန်းတမ်း၏အဓိပ္ပာယ်ကို **"သင်ရိုးညွှန်းတမ်းဆိုသည်မှာ ပညာရေးရည်မှန်းချက်များ အောင်မြင်စေရန်ရည်ရွယ်၍သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့အပါအဝင် ကျောင်းတွင်းနှင့် ကျောင်းပြင်တို့၌ လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲထားသော အစီအစဉ်များကိုဆိုသည်"** ဟု ဖွင့်ဆိုထားသည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အထူးသတိပြုရမည့်အချက်များ၊ စဉ်းစားပေးရမည့်အချက်များလည်းရှိသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရန်နှင့်ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ဘာသာရပ်ဆိုင်ရာအချက်အလက်များ ပါဝင်ထည့်သွင်းရန်လိုအပ်သည်။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို တန်ဖိုးထား၊ ထိန်းသိမ်းမြှင့်တင်သော သင်ရိုးညွှန်းတမ်းလည်းဖြစ်ရန်လိုသည်။ လူငယ်များ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ရှိရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးစေရေးအတွက်လည်း ဦးစားပေးရေးဆွဲကြရမည်။

သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေမူကြမ်း အခန်း(၇)သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ခြင်းတွင် သင်ရိုးညွှန်းတမ်းနှင့်စပ်လျဉ်း၍ ပါဝင်ရမည့်အချက်များကို အောက်ပါအတိုင်းဖော်ပြထားသည်-

(က) တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းစေရေး၊

(ခ) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဂ) လိမ္မာရေးခြားရှိမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းအား နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို မြတ်နိုးခြင်း၊ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် တာဝန်ယူမှုရှိခြင်း၊ ဒီမိုကရေစီအလေ့အကျင့်များ တန်ဖိုးထားမှုနှင့် ပြည့်စုံသော နိုင်ငံသားကောင်းများဖြစ်ထွန်းမှုကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သော တန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို မြှင့်တင်နိုင်စွမ်းရှိရေး၊

(င) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး၊

(စ) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့်အခြေခံပညာရေးအဆင့် အသီးသီးအတွက် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများရှိရေး၊

(ဆ) အပိုဒ်(စ)ပါ သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ ဒေသအလိုက် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိရေး၊

(ဇ) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး။

အမျိုးသားပညာရေးကောင်စီ၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ဘာသာရပ်တစ်ခုချင်းအလိုက်ဖွဲ့စည်းထားသော သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ သင်ရိုးညွှန်းတမ်းဌာနတို့၏ ဦးဆောင်မှုဖြင့် သင်ရိုးညွှန်းတမ်းကို ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်သည်။ သို့ရာတွင် အထက်ဖော်ပြပါ အပိုဒ်(ဆ)အရ ဗဟိုချုပ်ကိုင်မှုလျှော့ချရန်နှင့် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ဘာသာရပ်ဆိုင်ရာ အချက်အလက်များပါဝင်ရန် အလေးပေးထားကြောင်း တွေ့ရှိနိုင်သည်။

သင်ရိုးညွှန်းတမ်းစံသတ်မှတ်အတည်ပြုပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည်-

(က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းများကို ကောင်စီ၏အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

(ခ) မသန်စွမ်းသူများ၊ဆွံ့အ၊နားမကြားသူများနှင့် ဉာဏ်ရည်မမီသူများ (မတူကွဲပြားသင်ယူသူများ)အတွက် သင်ကြားရမည့် အထူးပညာရေး အစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေး နယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြု ပြဋ္ဌာန်းပေးရမည်။

(ဂ) မိမိတို့ကျောင်းများအတွက် လိုအပ်သော သင်ရိုးညွှန်းတမ်းစံများကို ကောင်စီ၏အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း အရည်အသွေးထိန်းသိမ်းရေးအတွက် ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။ ထို့ပြင် အပိုဒ်(ခ)တွင် ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကွဲပြားခြားနားမှုမရှိ၊ သာတူညီမျှ ပညာသင်ယူခွင့်ရရှိရေးအတွက် အလေးအနက်ထည့်သွင်းထားသည်။

အမျိုးသားပညာရေးဥပဒေမူကြမ်းတွင် သင်ကြားသင်ယူမှု သုံးဘာသာစကားနှင့်ပတ်သက်၍ **သင်ကြားရာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်**ဟု တိကျစွာဖော်ပြထားသည်။

အမျိုးသားပညာရေးဥပဒေမူကြမ်းသည် တိုင်းရင်းသားတို့၏ ဘာသာ၊ စာပေထိန်းသိမ်းမြှင့်တင်ရေးအတွက် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မူလတန်းအဆင့်၌ တိုင်းရင်းသား ဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်**ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ပညာရှင်များ၊ ပညာရေးစိတ်ပါဝင်စားသူအားလုံးက ပူးပေါင်းပါဝင်အကြံဉာဏ်များ ပေးခြင်းဖြင့် နိုင်ငံတကာလူ့အဖွဲ့အစည်းများနှင့် သဟဇာတဖြစ်ပြီး အရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သည့် **သင်ရိုးညွှန်းတမ်းမှသည် အရည်အသွေးရှိပညာရေး**ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ယုံကြည်မိသည်။

ယခုကဲ့သို့ ဒီမိုကရေစီခေတ်ဆန်းချိန်တွင် မြန်မာနိုင်ငံသားအားလုံး တက်ညီလက်ညီဖြင့် တိုင်းကျိုးပြည်ပြုပညာရေးပြောင်းလဲမှုတွင် ကျရာနေရာမှ စည်းစည်းလုံးလုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာပြည်၏ ပညာရေးမြင့်မားလာသည်နှင့်အမျှ တိုင်းပြည်၏စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက်ပါ အထောက်အကူပြုမည်ဟု မျှော်လင့်မိပါသည်။

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မန္တလေးတိုင်းဒေသကြီး ဥရောပသမဂ္ဂအစီအစဉ်ဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်သင်တန်းဖွင့်

**မန္တလေး ဩဂုတ် ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရုံး ရဲသူရိန်ခန်းမ၌ ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက ဥရောပသမဂ္ဂ အစီအစဉ်ဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် Community Policing သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး EU မှ Project Component Leader Mr.David Hamilton က EU (European Union) မှ Community Policing လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်နိုင်ရန် လက်တွေ့သင်ကြားပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**သင်ကြားပို့ချ**

